ဓလေ့မှော်

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 December 2024 ၁၁၆၈၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ် ရှိနေခြင်းကြောင့်ဖြစ်

နိုင်ငံတော်၊ တပ်မတော်နှင့် မိမိ မိသားစုက ဂုဏ်ယူတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်း စစ်သည်တော်ကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံ

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက် တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

သင်ခန်းစာများနှင့် ပထဝီနိုင်ငံရေးအခြေအနေကိုရှုမြင်၍ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၈

လောကပါလတရားမှသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆီ ...

ဆောင်းပါး စာမျက်နှာ » ၁၆

နိုင်ငံတော်နှင့် လက်တွဲဖော်ဆောင် မိမိဒေသနှင့်လူမျိုးအကျိုးမြှင့်တင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော် စုစည်းနေထိုင်သောနိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးများသည် နှစ်ပေါင်းထောင်ချီ ရှည်ကြာသောကာလများအတွင်း မရှိအတူရှိအတူ၊ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ စုပေါင်းနေထိုင်ခဲ့ကြသည်။ နိုင်ငံတော်နှင့်အတူလက်တွဲပြီး ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို စုပေါင်းကာကွယ် တွန်းလှန်ခဲ့ကြပြီး ပြည်ထောင်စုကြီးဖွဲ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်တွင် ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် အချို့တိုင်းရင်းသားများအနေဖြင့် လူမျိုးရေး၊ ဒေသအရေး၊ ဝါဒအရေးတို့ကို အကြောင်းပြု၍ စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်ခဲ့သည်။ အချို့တိုင်းရင်းသားများမှာ စိတ်ဝမ်းကွဲပြားမှုမရှိဘဲ နိုင်ငံတော်နှင့်အတူလက်တွဲ၍ မိမိဒေသအကျိုး၊ မိမိလူမျိုးအကျိုးကို ယနေ့ထက်တိုင် မြှင့်တင်ဖော်ဆောင်လျက်ရှိသည်။ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် စိတ်ဝမ်းကွဲပြားမှုများ၊ ပဋိပက္ခဖြစ်ပေါ်နေသည့်အခြေအနေသည် တိုင်းရင်းသားလူမျိုးအားလုံးအနေဖြင့်မဟုတ်ဘဲ အချို့တိုင်းရင်းသားအဖွဲ့များကြောင့် ပေါ်ပေါက်နေခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးအများစုအနေဖြင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းအသီးသီးတွင် စည်းလုံးညီညွတ်စွာဖြင့် စုစုစည်းစည်း ရပ်တည်ရှင်သန်လှုပ်ရှားနေကြသည်မှာ ရွေရတု၊ စိန်ရတုကာလများသို့ပင်ရောက်ရှိနေပြီဖြစ်၍ ၎င်းတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို အထင်အရှားမြင်တွေ့နေရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိသည်။ စံနမူနာအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများတွင်အခြေချနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ရာစုနှစ်များစွာကာလများကတည်းက ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှ စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည်။

၎င်းတို့၏မူရင်းကိုးကွယ်ရာဘာသာအပြင် ဒေသခံအခြားတိုင်းရင်းသားများ ဘာသာ၊ စာပေ၊ လူမျိုး၊ ဓလေ့စရိုက်အမျိုးမျိုးတို့နှင့်အတူ ဘာသာတရားများ၏ အဆုံးအမအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိသည်။ မိမိတို့၏ယဉ်ကျေးမှု၊ အသုံးအဆောင်၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နေထိုင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာမြင်တွေ့ရသည်။ ရာသီအချိန်အခါအလိုက် လူမျိုးစုတို့၏ ထုံးတမ်းစဉ်လာပွဲတော်များတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး အတူတကွပါဝင်လက်တွဲပြီး ဆင်နွှဲပျော်ရွှင်နေကြသည့်ပုံရိပ်များကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

အဆိုပါတိုင်းရင်းသားလူမျိုးစုများအနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် အတူပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် မိမိတို့ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားနေသည်ကို တွေ့ရသည်။ ပညာရေးတိုးတက်လာမှုရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်မှုနယ်ပယ်အသီးသီးတို့တွင် တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည်ကို ဂုဏ်ယူဖွယ် တွေ့ရသည်။

အဆိုပါလူမျိုးစုတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ လာအိုစသည့် နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုင်ကြသဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတို့ကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည်ကို တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ကာ နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။

သို့သော် နိုင်ငံတော်အတွင်းရှိ အချို့ဒေသများတွင် စည်းလုံးညီညွတ်မှုပျက်ပြားပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များ တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အချို့တိုင်း ရင်းသားလူမျိုးများအနေဖြင့် နိုင်ငံတော်အစိုးရလျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်း လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ၎င်းတို့၏လူမှုစီးပွားဘဝများ တိုးတက်လာသည်ကိုတွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်၍လည်း ရေးထိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြဦးမည်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ကာ မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂.၁.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄.၁.၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရင်းမြစ်

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မိုမိုအောင်၊
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပုဂံရှုခင်း

ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကား ပြောကြားရာတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြကြောင်း၊ စစ်မှုထမ်းများသာမက အခြားသောကဏ္ဍအသီးသီးမှာလည်း နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ အာဏာတည်စေခဲ့သည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ ဗဟိုအဖွဲ့မှ အတည်ပြုခန့်အပ်ပေးလျက်ရှိသည့် အခြေအနေများ၊ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသူများကိုလည်း စစ်ပညာများကို စနစ်တကျ သင်ကြားပေးလျက်ရှိပြီး အဆိုပါ ပညာရပ်များဖြင့် အဖျက်သမားများရန်မှ ကာကွယ်သွားကြရမည့် အခြေအနေများ၊ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ရာတွင်လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦး ပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင် သွားရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန် လိုအပ်သည့် အခြေအနေများ၊ သင်တန်းသားကောင်းရတနာများ ဖြစ်ကြောင်း၊ သစ္စာ(၄)ချက်အား နေ့စဉ်ရွတ်ဆိုရသည့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ မိမိရဲဘော်ရဲဘက်အချင်းချင်းအပေါ်နှင့် မိမိသားစုဝင်များအတွက်ကတိသစ္စာပြု စောင့်ထိန်းကြသူများဖြစ်ကြ၍ မိမိကိုယ်ကိုမိမိ ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အလံကို မိမိလက်နှင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ(၄)ချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် ၎င်းသစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန် လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများ အပေါ်တွင် သစ္စာစောင့်သိ သွားကြရန်လိုကြောင်း၊ ထို့အပြင် စစ်သည်အချင်းချင်း အပေါ်တွင်လည်း ရဲဘော်စိတ်ထားရှိရန် လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာဘရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများ ဖြစ်၍ သေအတူရှင်မကွာ ဆိုသည့် စိတ်သာအတူ နာအတူဆိုသည့် စိတ်ထားခံယူချက်များ ထားရှိသွားရန် လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ၊ တပ်မတော်တွင်းသို့ ဝင်ရောက်လာကြသူများအား တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကို အခြေခံမှစ၍ လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသော

စာမျက်နှာ ၄ သို့ ☆

- **ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ၊ တပ်မတော်တွင်းသို့ ဝင်ရောက်လာကြသူများအား တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကို အခြေခံမှစ၍ လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်**
- **ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသော စစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျအသုံးချသွားရန်လို**

❐ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်

❐ ယခုအခါ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီး

★ စာမျက်နှာ ၃ မှ

စစ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြား ပေးခဲ့ပြီး ဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျ အသုံးချသွားရန်လိုကြောင်း၊ အခြေခံ စစ်အတတ်ပညာများကို လေ့ကျင့်သင်ကြား ပေးရာတွင် စစ်စည်းကမ်း ကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုသည် အရေးကြီးကြောင်း၊ အမိန့်နာခံမှုရှိမှသာ အထက်မှပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် တိကျအောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာရပ်များအပေါ် အသေးအဖွဲဟူ၍ သဘောမထားဘဲ အလေ့အကျင့်မှ အလေ့အထဖြစ်သည်အထိ စွဲမြဲစွာ လုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကျကျ ထိရောက်စွာ အသုံးချသွားရန်လိုကြောင်း။

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် မိမိတို့၏စိတ်ဆန္ဒများဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ အရပ်သားဘဝ အလွှာပေါင်းစုံမှ တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသူများဖြစ်သော်လည်း ယခုအခါတူညီသော အစိမ်းရောင် ယူနီဖောင်းဝတ်ဆင်၍ စစ်ပညာရပ်များကို အတူတူစုပေါင်း၍ သင်ကြားလေ့ကျင့်ပြီးသူများ ဖြစ်သည့်အတွက် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူများ ဖြစ်လာကြပြီးဖြစ်၍ နောင်တော် တပ်မတော်သားများနှင့်လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုဂုဏ်ယူစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရတော့မည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့်နိုင်ငံသားကောင်းများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရန်လိုကြောင်း။

တပ်မတော်သားဘဝကို ရရှိခံယူထားကြပြီးသူများဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ “Once a Soldier, always a Soldier ” ဆိုသည်နှင့်အညီ တစ်ကြိမ်စစ်သားဖြစ်ပြီးပါက အမြဲတမ်း စစ်သားဖြစ်သည်ဆိုသည့် စိတ်ဓာတ်များ ခံယူထားရမည်ဖြစ်ပြီး အဆိုပါ စိတ်သည် တပ်မတော်သားများ၏ မွန်မြတ်သည့် ခံယူချက်စိတ်ထားဖြစ်ကြောင်း၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရတိုင်း နိုင်ငံတော် မဟာမိတ်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ် ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့်စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှ အရေးကြီးကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်အထိ သင်တန်းအမှတ်စဉ် (၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်း နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိလာခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့တပ်မတော်သား တစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကျန်းမာရေးချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ လုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ကျန်းမာရေးကောင်းမွန်ရန် အထူးပင် အရေးကြီးကြောင်း၊ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျနေထိုင်စားသောက်သွားရန် လိုကြောင်း၊ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများအနေဖြင့် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာကို အမြဲမပြတ် လေ့ကျင့်လိုက်နာပြီး ကောင်းစွာအသုံးချသွားကြရန်နှင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိမိမိသားစုက ဂုဏ်ယူတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်းစစ်သည်တော်ကောင်းများ ဖြစ်အောင် နေထိုင်ကျင့်ကြံ သွားရန်လိုအပ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကျိုင်းတုံမြို့၌ နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ယနေ့ ညနေပိုင်းတွင် အဆိုပါမြို့ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အာခါတိုင်းရင်းသားအဆိုရှင်များက အမျိုးသားနေ့အဖွင့် သီချင်းကို သီဆိုကြသည်။ ယင်းနောက် တိုင်းမှူးက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အာခါတိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လမ်းခင်းပစ္စည်းများဓာတ်ခွဲစမ်းသပ်ခြင်းသင်တန်းနှင့် ဘေလီတံတားနှင့် သံပေါင်တံတားငယ်များ အရေးပေါ်တည်ဆောက်ခြင်း လက်တွေ့သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

လမ်းခင်းပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ခြင်း သင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် ဘေလီတံတားနှင့် သံပေါင်တံတားငယ်များ အရေးပေါ်တည်ဆောက်ခြင်း လက်တွေ့သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟို သင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ ဒုတိယဝန်ကြီးဦးဝင်းဖေက မိမိတို့ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ၌ပါရှိသည့် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနများ လက်အောက်တွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲများအဖြစ် ပင်မဓာတ်ခွဲခန်း သုံးခုခွဲ သက်ဆိုင်ရာဒီဇိုင်းဌာနခွဲများနှင့် အရည်အသွေး ကွပ်ကဲရေးဌာနခွဲများအတွက် အထောက်အကူအဖြစ် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ဘေလီတံတားနှင့် သံပေါင်တံတားငယ်များ အရေးပေါ်တည်ဆောက်ခြင်း လက်တွေ့သင်တန်းသားများကို မှာကြားလိုသည်မှာ ဘေလီတံတား တည်ဆောက်ခြင်းနှင့်ပတ်သက်၍ သမိုင်းကြောင်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လက်သုံးကိရိယာများအကြောင်းနှင့် Single Bailey၊ Double Single Bailey တံတားများ တပ်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းသင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပို့ချပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသများတွင် ဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသည့် လမ်း၊ တံတားနေရာများတွင် ဘေလီတံတားအစားထိုးရန် လိုအပ်လာသည့်အခါ ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်အတွက် ယခုသင်တန်းမှ ပို့ချပေးသည့် ဘေလီတံတား လက်တွေ့တည်ဆောက်ခြင်း၊ ဖျက်သိမ်းခြင်းများနှင့် ပေါင်းစပ်ပြီး ကျွမ်းကျင်စွာဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။



ထို့နောက် လမ်းဦးစီးဌာန သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ(ရန်ကုန်)ရှိ ဓာတ်ခွဲခန်းများ၊ တံတားဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ရန်ကုန်)ရှိ ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်မှုရှိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ မိမိပတ်ဝန်းကျင်နှင့် ရုံးအဆောက်အအုံအတွင်း လုံခြုံရေးဂရုပြုနေထိုင်ရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင် ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ နဝင်းချောင်းပေါ်တွင် သဘာဝရေစီးအားသုံး ရေတင်ဒလက်ဖြင့် ဝါအထူးဇုန်ကို စိုက်ပျိုးရေးပေးဝေနေမှုကို ကြည့်ရှုလေ့လာပြီး ဒေသခံဝါစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်၊ ပြောင်းလဲပေးမှုနှင့် စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ပေးနိုင်သဖြင့် ဝါသီးနှံများအထွက်နှုန်း တိုးတက်နိုင်သည့်အခြေအနေ၊ သီးထပ်စွမ်းအားတိုးတက်စေရေး ဆောင်ရွက်မည့် အစီအမံများနှင့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာရှိ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ နှုတ်ခွန်းဆက်စကားပြောကြားပြီး မတ်ပဲမျိုးစေ့နှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဝါစံပြစိုက်ခင်းမှ ဝါခူးဆွတ်နေမှု အထူးအထွက်နှုန်းကောင်းသည့် ငွေနှင်းမှုံမျိုး အောင်မြင်စွာစမ်းသပ် စိုက်ပျိုးထားမှုနှင့် စိုက်ပျိုးရေးရရှိရေးဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာ တောင်သူလယ်သမားသင်တန်းကျောင်းသို့ရောက်ရှိပြီး တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ရုံးစိုက်မြို့နယ်မှ သင်တန်းသားတောင်သူများအတွက် စားဖိုးဆောင်မျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ မြေပဲစိုက်တောင်သူများ၊ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံတောင်သူများအား သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ကျွန်းမီးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေပဲစံပြစိုက်ခင်းဧက ၂၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးနိုင်ခဲ့မှုကြောင့် ယခင်နှစ်က မြေပဲတစ်ဧကလျှင် ၁၂၂ တင်းကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်ကပြန်လည်ပေးအပ်



တပ်ကုန်း ဒီဇင်ဘာ ၂၈

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့်ပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်က ပြန်လည်ပေးအပ်မှု၊ ကြိုးတံတားပြန်လည်ဖြည့်တင်းရေး၊ သစ်တိုသစ်စများဖယ်ရှားနေမှုများကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဌေးထိုက်က ကြို့ကုန်းကျေးရွာတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်က ပြန်လည်ပေးအပ်သောနွားများအား နွားမွေး အပ်ထားရှိမှု အခြေအနေများကို တောင်သူများထံ လွှဲပြောင်းပေးရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက ပုဏ္ဏမာကျေးရွာနှင့် ကြို့ကုန်းကျေးရွာ ချင်းဆက် အရှည် ပေ ၂၄၀၊ အကျယ်လေးပေရှိ ကြိုးတံတားအား ရာဂီမုန်တိုင်းအရှိန်ကြောင့် အနည်းငယ်ထိခိုက်မှုနှင့် ပြန်လည်ကုစားနိုင်ရေး ကြည့်ရှုစစ်ဆေးရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ကြို့ကုန်းကျေးရွာအတွင်း လူနေအိမ်ပြန်လည် တည်ဆောက်ထားရှိမှုများကို ကြည့်ရှုကာ ကျေးရွာသူ ကျေးရွာသားများအား သက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးရေးနှင့် အားပေးစကားများ ပြောကြားခဲ့သည်။

ဆောင်ရွက်ပေး

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ကွင်းအမှတ် ၁၄၅၃ ကြို့ကုန်းကွင်း၊ နုန်းဖုံး၊ သစ်တိုသစ်စဖုံး လယ်ယာမြေများအား သစ်ထုတ်လုပ်ရေးစခန်းနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားများဖြင့် ဖယ်ရှားဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုပြီး သီးနှံများအချိန်မီစိုက်ပျိုးရေးနှင့် လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

စလေမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်



ချောက် ဒီဇင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့၌ စလေမြို့မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံဝင်းအတွင်း၌ ယမန်နေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်သည်။

အဆိုပါမီးငြိမ်းသတ်သရုပ်ပြမှုကို စလေမြို့ မီးသတ်ဦးစီးဌာနလက်ထောက်မီးသတ်ဦးစီးမှူး ဦးဘုန်းပြည့်စုံနှင့်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက်စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုကိုင်တွယ်ပုံအားရှင်းလင်းခြင်း၊ မီးငြိမ်းသတ်မှုအားလက်တွေ့သရုပ်ပြသစေခြင်း၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ရာ စလေမြို့အုပ်ချုပ်ရေးမှူး ဦးသော်သန့်ဇင်နှင့်တာဝန်ရှိသူများ၊ အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံမှူးနှင့်ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

သင်ခန်းစာများနှင့် ပထဝီနိုင်ငံရေးအခြေအနေကို ရှုမြင်၍ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ကြပါစို့

ကိုရေချမ်း



ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်၌ ဩဂုတ်လ ၁၀ ရက်နေ့က အကြမ်းဖက်သောင်းကျန်းသူများ၏လူမဆန်သော ရက်စက်ယုတ်မာမှုများကို တိုင်းရင်းသားပြည်သူများက ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်ခဲ့ကြစဉ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းကပင် အတူလက်တွဲ၍ ရင်းနှီးချစ်ခင်စွာ စုပေါင်းနေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း အေးအတူ၊ ပူအမျှ စိတ်ဝမ်းမကွဲပြားဘဲ ကူးလူးဆက်နွယ် ဆက်ဆံခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့သည့်အချိန်တွင် တိုင်းရင်းသားမျိုးချစ်များ အတူလက်တွဲ၍ ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်ခဲ့ကြသည်။ ဤသို့သောစည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာတည်ရှိနေမှုကို သက်သေအမျိုးမျိုးပြနိုင်ခဲ့သည်။

လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင်လည်း တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် နိုင်ငံပြန်လည်လွတ်မြောက်ရေးအတွက် စွန့်လွှတ်စွန့်စား၊ ခွဲ၊ လုံ့လ၊ သတ္တိများဖြင့် အတူလက်တွဲပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှု၊ သွေးချင်းထပ်တူမှုတို့ကို ပြသနိုင်ခဲ့သည်။ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီး မျက်မှောက်ကာလတွင် ရှေးဘိုးဘွားဘီဘင်များသွေးနှင့်ရင်းပြီး ရယူပေးထားသည့် လွတ်လပ်ရေးအမွေအနှစ်များ ပျက်စီးပျောက်ဆုံးမသွားစေရန် အတွက် တိုင်းရင်းသားလူမျိုးအားလုံးက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ နိုးကြားထက်သန်နေအောင် ပျိုးထောင်ထားကြရမည်ဖြစ်သည်။

သင်ခန်းစာယူစရာများ

အဘယ်ကြောင့်ဆိုသော် မျက်မှောက်ကာလတွင် တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဖန်တီးနေသည့် အခြေအနေအရပ်ရပ်တို့ ရှိနေသည်ကို သတိချပ်ရမည်ဖြစ်သည်။ အတိတ်ကာလက မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားစေသည့် အကြောင်းရင်းများကို သိရှိကြပြီးဖြစ်မည်။ ကိုလိုနီနယ်ချဲ့တို့သည် M.M.M ဟု ဆိုကြသည့် (merchant) ကုန်သည်များ၊ (missionary) သာသနာပြုအဖွဲ့၊ (military) စစ်ရေးဆိုင်ရာ နည်းလမ်းများဖြင့် ဝင်ရောက်စွက်ဖက်ကျူးကျော်ခဲ့ကြသည့် သမိုင်းမှတ်တမ်းများရှိသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်း၏ သင်ခန်းစာယူစရာအချက်များဖြစ်သည်။

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်၏ နည်းလမ်းဗျူဟာများမှာ ထို့ထက်မက ပိုမိုကြီးမားကျယ်ပြန့်လာသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေး၊ လူ့အခွင့်အရေး၊ သံတမန်ရေး၊ စစ်ရေးစသည့် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့် ခေတ်သစ်နယ်ချဲ့စနစ် ဖန်တီးနေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ စစ်အေးလွန်ကာလ မျက်မှောက်ကမ္ဘာ့အခြေအနေတွင် ပထဝီနိုင်ငံရေးနှင့် အဂ္ဂမဟာဗျူဟာများအရ လေ့လာစရာ များစွာရှိသည်။ ကမ္ဘာ့နိုင်ငံများ၏အခြေအနေကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများ၏ အဂ္ဂမဟာဗျူဟာများသည် စိတ်ဝင်စားဖွယ်ကောင်းသလို ကြောက်မက်ဖွယ်ရာများလည်း ပါဝင်သည်။ ခေတ်သစ်နယ်ချဲ့စနစ်အတွက် ရာစုနှစ်တစ်ခုအတွင်း စိတ်ရှည်ရှည်ဖန်တီးထားသည့် ဆယ်စုနှစ်စီမံကိန်းများရှိသည်။

မဟာဗျူဟာများ

ကမ္ဘာပေါ်တွင် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် ယခုမှဖြစ်ပေါ်လာသော အခြေအနေ၊ အခန့်မသင့်၍ ဖြစ်ပေါ်လာသော အခြေအနေမျိုး မဟုတ်ပေ။ ကမ္ဘာ့အင်အားကြီးနိုင်ငံကြီး၏ ရာစုနှစ်ဝက်မက ကာလကတည်းက ချမှတ်ထားသည့် နိုင်ငံရေးမဟာဗျူဟာ သို့မဟုတ် နိုင်ငံရေးစီမံကိန်းများဖြစ်သည်။ လတ်တလော မြန်မာ့နိုင်ငံရေး အခြေအနေကိုပင် ၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီ၏ မဲမသမာမှုကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဟု ဆိုရမည့်အစား ၂၀၂၁ ခုနှစ်၌ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းရယူခြင်းကြောင့် ဖြစ်လာရသည်ဟု စွပ်စွဲခဲ့ကြသည်။ အထူးသဖြင့် အကြမ်းဖက် NUG နှင့် လက်ဝဲ PDF တို့၏ ခံယူချက်အဖြစ် တွေ့မြင်နိုင်သည်။ အမှန်တကယ်တွင် ဆယ်စုနှစ်များစွာကတည်းက ချမှတ်ထားသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီး၏ အဂ္ဂမဟာဗျူဟာများနှင့် မကင်းနိုင်ပေ။ မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်နေသည့် အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးအပ်ထားသည့် Burma Act ကဲ့သို့ နှစ်စဉ် ထောက်ပံ့ပေးအပ်ထားသော ငွေကြေးများက သက်သေပင်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် နယ်ပယ်အသီးသီးသို့ စီးဝင်ခဲ့သော အထောက်အပံ့များသည် နိုင်ငံတော်ကို ဆန့်ကျင်ဖျက်ဆီးနိုင်ရန်အတွက် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

၂၀၂၁ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်လိုက်သည့် အခြေအနေနှင့် ယနေ့ကာလ မြန်မာပြည် အစိတ်စိတ်အမြွှာမြွှာ ဖြိုခွဲရေး အဖျက်စီမံကိန်းသည် တိုက်ဆိုင်မှုတော့မဟုတ်ပေ။ ၂၀၂၁ ခုနှစ် မတိုင်မီ ကာလများကတည်းက ရေးဆွဲထားသော အဂ္ဂမဟာဗျူဟာစီမံကိန်းများဖြစ်သည်။ အဓိကမှာ သွေးခွဲရေးမဟာဗျူဟာနှင့် မီဒီယာနည်းဗျူဟာဖြစ်သည်။ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် တပ်မတော်အပေါ် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောကွဲလွဲသူ အသီးသီးတို့က ဘုံရန်သူသဖွယ် နှောင့်ယှက်တိုက်ခိုက်မှုများတွင် ပြည်ဖျက်မီဒီယာအားနှင့် အကျပ်အတည်းဖြစ်အောင် ဆောင်ရွက်နေမှုများလည်း ပါဝင်သည်။

မီဒီယာလက်နက်

နိုင်ငံတော်ကို ဖြိုခွဲဖျက်ဆီးနေသူ၊ ဆန့်ကျင်တိုက်ခိုက်နေသူ အကြမ်းဖက်သောင်းကျန်းသူများအားလုံး၏ ရည်ရွယ်ချက်ကို လမ်းလွဲပြီး စစ်အာဏာရှင်ကို တော်လှန်နေသူများဖြစ်ကြောင်း အလုံးအရင်းဖြင့် ပုံဖော်နေကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ အတွေ့အကြုံရင့် ပြည်ပအထောက်အပံ့ခံများဖြစ်သည့် မီဒီယာကြီးများက အမှန်သတင်းတစ်စိတ်တစ်ပိုင်း၊ ဝေဝါးသတင်းတစ်ပုံတစ်ပင်ဖြင့် အစိုးရနှင့် တပ်မတော်ကို ပါးပါးပုတ်ခတ် ဝေဖန်တိုက်ခိုက်ကြသည်။ ဧရာဝတီ၊ မဇ္ဈိမ၊ ခေတ်သစ်အနက်ရောင်မီဒီယာများက အမှန်တရားနှင့် ကင်းကွာ၊ အမှားရောပြွမ်းနေသည့် လုပ်ကြံသတင်းများ၊ သတင်းတု၊ သတင်းယောင်များဖြင့် အစိုးရနှင့် တပ်မတော်အပေါ် နေ့စဉ်ရက်ဆက်အချိန်ပြည့် ပုတ်ခတ်တိုက်ခိုက်နေကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ အမှားကြာလျှင် အမှန်ဖြစ်ဆိုသကဲ့သို့ မမှန်သတင်းများ ပြည်သူလူထုကြားတွင် ပျံ့နှံ့နေသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် အန္တရာယ်ဖြစ်စေသည်။

စာမျက်နှာ ၇ သို့ ■

“အကြမ်းဖက်သောင်းကျန်းသူများ တိုက်ပွဲဖော်ဆောင်မှုများကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကလေးလူငယ်များ၏ ပညာရေးများ၊ လူငယ်လူရွယ်များ၏အနာဂတ်ဘဝများ မည်သို့မျှ အိပ်မက်မက်ခွင့်မရဘဲ ဆိတ်သုဉ်းသွားမည်ကို စိုးရိမ်မိပါသည်။ အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်များ၏ စစ်ဘုရင်ဝါဒ ပြန်လည်ကြီးစိုးလာမှုနှင့်အတူ ဒေသခံပြည်သူများ ရွေးယခင် စစ်ဘုရင်ဝါဒကြီးစိုးခဲ့သည့်ဒေသများကဲ့သို့ ဥပဒေမဲ့အနိုင်ကျင့်ခံရမှုများ၊ တရားမဲ့သတ်ဖြတ်ခံရမှုများ၊ မှုန်ကန်သည့်စီးပွားရေးလုပ်ငန်းများနေရာတွင် မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်းများ၊ လူငယ်များ စာအုပ်နှင့် ဘောပင်ကိုင်ရမည့်အစား လက်နက်များကိုင်ဆောင်ရင်း ရှင်သန်ကြရမည့်ဘဝများ၊ အလင်းထဲမှ အမှောင်ထဲရောက်ကြရမည့်အခြေအနေများကို စိုးရိမ်မိပါသည်။ ထိုသို့အခြေအနေဆိုးမျိုးကို ဒေသခံပြည်သူများ ရောက်လိုမည်မဟုတ်သလို တပ်မတော်အနေဖြင့် အဆိုပါအခြေအနေဆိုးမျိုးရောက်မည်ကို လက်ပိုက်ကြည့်နေမည်မဟုတ်ဟုယုံကြည်”

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ် "သံစဉ်ဝေဖြာ မနောအလှကဗျာ"Friday Night Live Show တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၂၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ ညပိုင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ် "သံစဉ်ဝေဖြာ မနောအလှကဗျာ" Friday Night Live Show တေးဂီတဖျော်ဖြေပွဲ ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)Studio(A)တွင် ရိုက်ကူးထုတ်လွှင့်နေသော "သံစဉ်ဝေဖြာ မနောအလှကဗျာ" Friday Night





Live Show တေးဂီတဖျော်ဖြေပွဲ အစီအစဉ်တွင် တေးသံရှင် မောင်ဘောမ်ယိန်း သီဆိုသော "ချီဖွေမြို့လေးဆီသို့"နှင့် "Jaw Prat Du Hkra(သက်ဆုံးတိုင်)" တေးသီချင်း၊ တေးသံရှင် မယုံးယုံး သီဆိုသော "Byin Pu Pu Ten (ချယ်ရီပွင့်ချိန်)" နှင့် "အလည်လာပါ မနောမြေမှာ" တေးသီချင်း၊ တေးသံရှင် မဘောမ်ဇုံးထန့် သီဆိုသော "Tung: Mung Dain(တို့ရဲ့မြေ)"၊ "Lun Ding Sklurn (မလှည့်စားနဲ့)" နှင့် "မြစ်ကြီးနားကကြိုဆိုနေမယ်"တေးသီချင်း၊ တေးသံရှင် မဆိုင်းဆာ သီဆိုသော "ချစ်သော ဟေမာန်"နှင့် "Marit Shingran (အိမ်မက်)"တေးသီချင်း၊တေးသံရှင် မောင်ဆာမူဇလေ သီဆိုသော "မလိခ ချစ်သူစကား"နှင့် "Bum Krin Chya Ndau (တောင်ပေါ်မြို့လေးဆီ)" တေးသီချင်း၊ တေးသံရှင် မောင်လောဒအောင် သီဆိုသော "အချစ်ပုံပြင်" တေးသီချင်းနှင့် တေးသံရှင်များ စုပေါင်းသီဆို ဖျော်ဖြေသည့် "ပြည်ထောင်စု"တေးသီချင်းတို့ကို ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက "သံစဉ်ဝေဖြာ မနောအလှကဗျာ"Friday Night Live Show တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆို ဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဂုဏ်ပြုငွေနှင့် အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်

■ စာမျက်နှာ ၆ မှ

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များကလည်း မီဒီယာကို လက်နက်သဖွယ် အသုံးပြုပြီး တပ်မတော်ကြီး ပြိုကွဲနေသယောင်၊ တိုင်းပြည်ကြီး ပြိုကွဲတော့မယောင် ပြည်သူလူထုကို စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ပြီး ပြည်ဖျက်မီဒီယာများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းဆောင်ရွက်နေကြသည်။ အစိုးရနှင့် တပ်မတော်ကို စစ်ရေးအင်အား၊ မီဒီယာအင်အားဖြင့် ဖိနှင်းလာကြသည်။ ဖော်ပြပါ ပြည်ဖျက်မီဒီယာများအားလုံးသည် အနောက်နိုင်ငံကြီး၏ အထောက်အပံ့ခံ အနောက်အခြေစိုက် ကိုလိုနီလက်သစ် ဒီမိုကရေစီ လစ်ဘရယ် အစွန်းရောက်ဝါဒသမားများ၏ လက်ကိုင်တုတ်များ ဖြစ်နေသည်မှာ တိုက်ဆိုင်၍တော့ မဟုတ်ပေ။ ဆယ်စုနှစ်များစွာကတည်းက မဟာဗျူဟာ ချမှတ်ထားသော အစီအစဉ်များဖြစ်သည်။

အကြမ်းဖက်စနက်

ယနေ့ဖြစ်ပေါ်နေသော ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများက လက်ရှိအစိုးရနှင့် တပ်မတော်ကို အကြောင်းပြု၍ ပေါ်ပေါက်နေခြင်းမဟုတ်ပေ။ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ ဖြစ်သည်။ သောင်းကျန်းသူအမွေအဆက်ဆက်ကို ပြောင်းလဲဆက်ခံပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းနေကြသူများဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် လစ်ဘရယ်ဝါဒ လွှမ်းမိုးစေလိုသည့် ပြည်ပနိုင်ငံကြီးအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများက အကြမ်းဖက်လမ်းစဉ်ကို အကောင်အထည်ဖော်နေကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိသည်ကို တွေ့ရသည်။

အနောက်ကိုလိုနီလက်သစ် လစ်ဘရယ် မဟာဗျူဟာအရ ၂၀၁၅-၂၀၂၀ အစိုးရလက်ထက် တပ်မတော်နှင့် အရပ်ဘက် သိသိသာသာကွဲထွက်သွားအောင်သွေးခွဲခြင်း၊ တပ်နှင့်ပြည်သူ ရန်တိုက်ပေးခြင်း၊ နိုင်ငံရေးပွတ်တိုက်မှု ကြီးကြီးမားမား ဖြစ်လာအောင် အနုပညာ၊ စာပေ၊ ဟောပြောပွဲ၊ မီဒီယာ၊ ဆိုရှယ်နက်ဝပ်များ ဖန်တီးပေးခဲ့ခြင်း၊ နိုင်ငံတော်အာဏာကို မထိန်းမဖြစ် ထိန်းလာအောင် ကြိုတင်ကြံစည်ဆောင်ရွက်ခြင်း၊ မဲမသမာမှုများ၊ နိုင်ငံတော်အာဏာကို အဓမ္မရယူမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်ကိုထိန်းသိမ်းလိုက်သဖြင့် လူငယ်အချို့ကို လက်နက်ကိုင်သောင်းကျန်းသူများထံတွန်းပို့ပြီး အင်အားတိုးအောင်ကြိုတင်ကြံစည်ခြင်း၊ လက်နက်ခဲယမ်း၊ ရိက္ခာ၊ အသုံးအဆောင်များကို ကြိုတင်စုပုံထားခြင်းတို့သည် တိုက်ဆိုင်မှုတော့မဟုတ်ပါ။ ရည်ရွယ်ချက်ရှိရှိ၊ မဟာဗျူဟာကျကျ စနစ်တကျ ကြိုတင်ဖန်တီးထားခြင်းသာဖြစ်သည်။

လက်ပိုက်ကြည့်မနေ

အကြမ်းဖက်သောင်းကျန်းသူများ တိုက်ပွဲဖော်ဆောင်မှုများကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကလေးလူငယ်များ၏ ပညာရေးများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများ မည်သို့မျှ အိပ်မက်မက်ခွင့်မရဘဲ ဆိတ်သုဉ်းသွားမည်ကို စိုးရိမ်မိပါသည်။ အကြမ်းဖက်သောင်းကျန်းသူ ခေါင်းဆောင်များ၏ စစ်ဘုရင်ဝါဒ ပြန်လည်ကြီးစိုးလာမှုနှင့်အတူ ဒေသခံပြည်သူများ ရှေးယခင် စစ်ဘုရင်ဝါဒကြီးစိုးခဲ့သည့် ဒေသများကဲ့သို့ ဥပဒေမဲ့အနိုင်ကျင့်ခံရမှုများ၊ တရားမဲ့သတ်ဖြတ်ခံရမှုများ၊ မှုခနကန်သည့် စီးပွားရေးလုပ်ငန်းများနေရာတွင် မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်းများ၊ လူငယ်များ စာအုပ်နှင့်ဘောပင် ကိုင်ရမည့်အစား လက်နက်များကိုင်ဆောင်ရင်း ရှင်သန်ကြရမည့်ဘဝများ၊ အလင်းထဲမှ အမှောင်ထဲရောက်ကြရမည့် အခြေအနေများကို စိုးရိမ်မိပါသည်။ ထိုသို့ အခြေအနေဆိုးမျိုးကို ဒေသခံပြည်သူများ ရောက်လိုမည်မဟုတ်သလို တပ်မတော်အနေဖြင့် အဆိုပါ အခြေအနေဆိုးမျိုးရောက်မည်ကို လက်ပိုက်ကြည့်နေမည်မဟုတ်ဟု ယုံကြည်ပါသည်။

တပ်မတော်သည် သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်တွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရန် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်၍ အသက်သွေးချွေးများပေးဆပ်ပြီး ကာကွယ်ပေးခဲ့သည်မှာ ယနေ့ကာလအထိပင်ဖြစ်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။ ၎င်းတို့၏ စွန့်လွှတ်စွန့်စားမှုများကို ဘယ်သော အခါမှ မေ့ပျောက်၍ မရနိုင်သလို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးကျူးဂုဏ်ပြုကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသည်သာဖြစ်သည်။

ကာကွယ်စောင့်ရှောက်

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြသူများအားလုံးသည် ရှေးကာလက လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြသည့် သူရဲကောင်းများကဲ့သို့ပင် တန်ဖိုးရှိသော ပြည်သူ့သားကောင်းရတနာများပင် ဖြစ်သည်။ ပြည်သူများ အနေဖြင့်လည်း ခေတ်အဆက်ဆက် ပေါ်ပေါက်လာသည့် ပြည်ပကျူးကျော်သူ၊ ပြည်တွင်းသောင်းကျန်းသူ အမျိုးမျိုး၏ဒဏ်ကို တပ်မတော်နှင့်လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြသူများဖြစ်သည်။ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့သလို ထပ်မံကြုံတွေ့လာမှုများကို ရင်ဆိုင်ဖြတ်ကျော်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။ တပ်မတော်နှင့်ပြည်သူ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်လျှင် ရန်စွယ်အန္တရာယ်မှန်သမျှကို ကျော်လွှားနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် မျက်မှောက်ကာလ ကမ္ဘာ့ရေးရာအခြေအနေများသည် အလွန်နက်နဲရှုပ်ထွေးလာပြီး ကိုလိုနီနယ်ချဲ့လက်သစ် လစ်ဘရယ်အစွန်းရောက်ဝါဒ၏ အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာကို ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် မှုခနကန်စွာရှုမြင်သုံးသပ်ကြည့်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်းအမျိုးသားသစ္စာဖောက်များ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ နည်းဗျူဟာများကို သိအောင်လေ့လာကာ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီးမပြိုကွဲအောင် တပ်မတော်နှင့်အတူ လက်တွဲ၍ ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၇၂ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ပါပြစ်မှုအမျိုးအစားများနှင့် သက်ဆိုင်စေရမည်-

(က) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ပြစ်မှုများ၊

(ခ) နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် မှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဂ) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ်နည်းလမ်းဖြင့် အဆိုပါ ပစ္စည်းကိုအသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ခ) **တိရစ္ဆာန်** ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါအားလုံးကို ဆိုသည်။

(ဂ) **သက်သေခံပစ္စည်း** ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ခုခုဖြင့် သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သို့မဟုတ် ချိပ်ပိတ်ထားသော ပစ္စည်း သို့မဟုတ် တိရစ္ဆာန်ကို ဆိုသည်။

(ဃ) **တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(င) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဆိုသည်။

(စ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။

(ဆ) **သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး** ဆိုသည်မှာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ရုံးများကို ဆိုသည်။

(ဇ) **ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း** ဆိုသည်မှာ သက်သေခံပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရန်နှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်း၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူတစ်ဦးဦးအား ခံဝန်ချုပ် ချုပ်ဆို၍ အပ်နှံခြင်းကို ဆိုသည်။

(ဈ) **ပစ္စည်းထိန်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများ၊ သယ်ယူ ရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခကြေးငွေပေး၍ တာဝန်ပေးအပ်ခံရသူကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှုဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးနှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရေးအတွက် စနစ်တကျစီမံထိန်းသိမ်းရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ သက်သေခံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်သေခံပစ္စည်းများကို စနစ်တကျစီမံထိန်းသိမ်းရန်၊

(ဂ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားရုံး၏အမိန့်နှင့်အညီ စီမံခန့်ခွဲနိုင်ရန်၊

(ဃ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများကို အလွဲသုံးစားမှု မဖြစ်စေဘဲ နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးပွားစေရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်။

အခန်း(၃)
ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁)	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၃)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ဒုတိယဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဒုတိယဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(၈)	ဒုတိယဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၉)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၀)	ညွှန်ကြားရေးမှူးချုပ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၁)	ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန	အဖွဲ့ဝင်
(၁၂)	ညွှန်ကြားရေးမှူးချုပ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး	အဖွဲ့ဝင်
(၁၃)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အတွင်းရေးမှူး
(၁၄)	ဌာနကြီးမှူး မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့	တွဲဖက်အတွင်းရေးမှူး

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ မူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ခ) မိမိ၏လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီများကို ဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီများနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို စီမံထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာကော်မတီများ၏ တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်ပေးခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော မြေနှင့် မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများအား လေလံတင်ထုခွဲရောင်းချရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

(ဆ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့် အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

စာမျက်နှာ ၉ သို့ ★

★ စာမျက်နှာ ၈ မှ

(၆) သက်သေခံပစ္စည်းများထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆောင်ရွက်ချက်အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လစဉ်တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၄)

ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁)	လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့	ဥက္ကဋ္ဌ
(၂)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(၃)	အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၄)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	အခွန်ဦးစီးဌာနမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး	အဖွဲ့ဝင်
(၇)	တာဝန်ခံအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန	အဖွဲ့ဝင်
(၈)	ဦးစီးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန	အဖွဲ့ဝင်
(၉)	ဦးစီးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန	အဖွဲ့ဝင်
(၁၀)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောဦးစီးဌာန	အဖွဲ့ဝင်
(၁၁)	ဒုတိယအထွေထွေမန်နေဂျာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း	အဖွဲ့ဝင်
(၁၂)	တပ်ဖွဲ့ခွဲမှူး သို့မဟုတ် ကြီးကြပ်သူအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့	အဖွဲ့ဝင်
(၁၃)	ရဲတပ်ဖွဲ့မှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့	အတွင်းရေးမှူး

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁)	နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင်(၁) ပြည်ထောင်စုနယ်မြေ	ဥက္ကဋ္ဌ
(၂)	ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၃)	အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၄)	ညွှန်ကြားရေးမှူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၅)	အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၆)	ညွှန်ကြားရေးမှူး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	တာဝန်ခံအရာရှိ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၈)	ဦးစီးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၉)	ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၁၀)	ညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၁၁)	ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ပြည်ထောင်စုနယ်မြေ	အဖွဲ့ဝင်
(၁၂)	တပ်ဖွဲ့ခွဲမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နေပြည်တော်	အဖွဲ့ဝင်
(၁၃)	ရဲတပ်ဖွဲ့မှူး နေပြည်တော်ရဲတပ်ဖွဲ့ ပြည်ထောင်စုနယ်မြေ	အတွင်းရေးမှူး

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါသတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ဖြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်းများကို ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း၊ ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ တင်ပြချက်ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံခြင်းနှင့်စပ်လျဉ်း၍ အချိန်ကာလသတ်မှတ်ပေးခြင်း၊

(ဃ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ဗဟိုကော်မတီမှ တာဝန်ပေးအပ်လာပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တရားရုံးသို့ တရားစွဲတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများကို လည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများကို လည်းကောင်း ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(စ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းမှရရှိသော ငွေကြေးများကို သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများအား လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဇ) မိမိ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ရုံးအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကော်မတီသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁)	အလုပ်အမှုဆောင်ကော်မတီဝင်(၁)ဦး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	ခရိုင်ဦးစီးဌာနမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(၃)	ခရိုင်တာဝန်ခံအရာရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	အဖွဲ့ဝင်

ဆက်လက်ဖော်ပြပါမည်

မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၃၈၆ ခုနှစ်မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိအဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ဆရာကြီး ဆရာမကြီးများ၊ မြို့နယ် စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ထံမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော် တန်ဖိုးရှိ အဝတ်အထည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၇၆ သိန်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူက လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ဦးပိုက်ထွေးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ငါးသိန်းကို ဦးခင်မောင်စိုးက လည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် နှစ်စဉ် ကျင်းပလေ့ရှိသည့် နတ်တော်လဆန်း ၁ ရက်နေ့ကို အမျိုးသားစာဆိုတော်နေ့ အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်ပြီး စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခု ၁၃၈၆ ခုနှစ်အထိ အကြိမ် ၈၀ ရှိခဲ့ပြီဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ထံမှလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ကလည်း စာပေနှင့်ပတ်သက်ပြီး တန်ဖိုးထားအလေးထားပါကြောင်း၊ (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၁)တွင် နိုင်ငံတော်အဆင့် ကျင်းပခဲ့ပြီး စာပေပညာရှင်ကြီးများအား နိုင်ငံတော်က ချီးမြှင့်သလို နိုင်ငံတော်ဝန်ကြီးချုပ် ကလည်း သီးခြားချီးမြှင့်ပေးခဲ့ပါကြောင်း။

ထိန်းကျောင်းမြှင့်တင်

မြန်မာစာပေလောကသားတို့၏ "စာဆိုတော်နေ့"သည် သုတ၊ ရသ ရေးရာအဖြာဖြာကို ရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ၊ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါကြောင်း၊ ယခုလို အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြသည့် နေ့ထူးနေ့မြတ်ကြီးကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက နှစ်စဉ်ဂုဏ်ပြုအမွှမ်းတင်သည့် အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့နေခဲ့သည်မှာ ယခုဆိုလျှင် (၃၇)ကြိမ်မြောက်ရှိခဲ့ပြီဟု သိရပါကြောင်း၊ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကြားမှ နှစ်စဉ်မပျက် သက်ကြီးစာပေ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပပေးနေသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် စာပေကျေးဇူးအထူးထူးကို ရည်စူးပူဇော်ကန်တော့ပွဲများ ကျင်းပပေးနေသည့်အတွက် မင်္ဂလာတရားနှင့် ပြည့်စုံနေပါကြောင်း၊ ယခုလို အစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းကျောင်းမြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်စာရင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အမျိုးသားစာပေတစ်သက်တာဆုရ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေ ပညာရှင်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ချီးဖြင့် လက်အုပ်ချီမိုးကန်တော့ကြပြီး ပစ္စည်းနှင့် ငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများကိုယ်စား သိပ္ပံကျော်စွာဘွဲ့ရ စာရေးဆရာကြီး ပါမောက္ခ ဒေါက်တာမြသိန်းဟန်က သြဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများနှင့် စာပေပညာရှင်ကြီးမျာအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ပေးအပ်လှူဒါန်း

ယနေ့တွင် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ငွေသားကျပ်သိန်း ၁၀၀၊ အမျိုးသား ၂၄၁ ဦးအတွက် အင်္ကျီလက်ရှည် (Smart) များ ၊ ပုဆိုး (ရွှေလွန်းပျံ) ၂/၈၀ နှင့် Smart လက်ဆွဲအိတ်များ (တန်ဖိုးငွေကျပ် ၁၀၇၀၀၄၀၀) နှင့် အမျိုးသမီး ၃၅ ဦးအတွက် ခြုံပဝါများ၊ ပါတိတ်ဝမ်းဆက်နှင့် Smart လက်ဆွဲအိတ်များ (တန်ဖိုးငွေကျပ် ၁၉၆၀၀၀၀) စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၆၆၀၄၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အမျိုးသားစာပေဆု

စာမျက်နှာ ၁၁ သို့ ★



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များကို ဉာဏ်ပူဇော်ခများနှင့် ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ (၄၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ (၄၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အဖွင့်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ် အဘိသန္ဓိဗာန်တော်၌ ကျင်းပရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ



ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အလှူရှင်ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒ ထံမှ မြို့တော်ဝန်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုး၊ ပရိတ်ရေများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြကာ ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ် ရွတ်ဖတ်ပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်စင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၄)မှ ပြည်တွင်းထုတ် ဓာတ်ဆီဖြန့်ဖြူးရောင်းချနိုင်ရေး ပြုပြင် ဆောင်ရွက်နေသည့် လုပ်ငန်း အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက စက်သုံးဆီအရောင်းဆိုင် ဥပဓိရုပ်ကောင်းမွန်စေရေး၊ အရောင်းဆိုင် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပစေရေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းထုတ် ဓာတ်ဆီကို နိုင်ငံပိုင်စက်သုံးဆီ အရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်ဆိုင်နှင့်မန္တလေးတိုင်းဒေသကြီးတွင်နှစ်ဆိုင် စုစုပေါင်းသုံးဆိုင် တို့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ဖွင့်လှစ်၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ဆိုင်နှင့် ရှမ်းပြည်နယ်တွင် တစ်ဆိုင် တို့အား ဇန်နဝါရီလအတွင်း ဆက်လက်ဖွင့်လှစ်၍လည်းကောင်း အများပြည်သူသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးအေးထွန်း သာသနာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ဆရာတော် ထံသွားရောက်၍ ကျန်းမာရေး အခြေအနေများနှင့် သာသနာတော်ဆိုင်ရာကိစ္စရပ်များ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ဒုတိယဝန်ကြီးသည် ရွှေတိဂုံ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နေမှု၊ စေတီတော်ကြီး၏ ထီးတော်၊ ကိုယ်လုံးတော် ကြံခိုင်ရေး စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်ကြီး အထက်ပိုင်းမှ အောက်သို့ လုပ်ငန်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရင်ပြင်တော် တစ်ပတ် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အစည်းအဝေးခန်းမ၌ ဂေါပက အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ဂေါပက အဖွဲ့ဝင်များက သင်္ဃဆိုင်ရာ ကဏ္ဍအလိုက်တင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဗုဒ္ဓဂယာဘုရားဖူး စေလွှတ်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်ရေး လုပ်ငန်းကော်မတီ အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဗုဒ္ဓဂယာဘုရားဖူး စေလွှတ်ရေး ကြီးကြပ်မှု ကော်မတီတို့၏ ညွှန်ကြားထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာရန် လိုကြောင်း၊ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ရှိ ဗုဒ္ဓဂယာသို့ဘုရားဖူးအဖွဲ့များ သွားရောက်ကြရာ ကုမ္မဏီများနှင့် ဘုရားဖူးခရီးသည်များ တရားမဝင်ပစ္စည်းများ သယ်ယူမှုမရှိစေရေး စီစစ်ကြပ်မတ်ရန် လိုကြောင်း၊ စည်းကမ်း ချိုးဖောက်သော ကုမ္မဏီများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဗုဒ္ဓဂယာဘုရားဖူး စေလွှတ်ရေး လုပ်ငန်းကော်မတီ တို့မှဥက္ကဋ္ဌ အဖွဲ့ဝင်များက ဆက်လက် ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက် ညှိနှိုင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ စာမျက်နှာ ၁၀ မှ

စိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေး အဖွဲ့တို့မှ စာပေပညာရှင်များကို ဉာဏ်ပူဇော်ခများ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြု အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် စာပေပညာရှင်ကြီးများ အနေဖြင့် ပြည်သူလူထု အဆိပ်အတောက်ဖြစ်စေမည့် ညစ်ညမ်းစာပေများ ပပျောက်သွားရန် ကြိုးပမ်း ဆောင်ရွက်ပေးစေလို ပါကြောင်း၊ နည်းပညာခေတ် ဖြစ်သည့်အတွက် စာအုပ်စာပေများကိုလည်း ခေတ်စနစ်နှင့်အညီ ဖုန်း၊ ကွန်ပျူတာများမှတစ်ဆင့် ဖတ်ရှုနိုင်ရေး ချိတ်ဆက်ရန်လိုအပ်ပါကြောင်း၊ လူငယ်များ စာကောင်းပေမွန်များဖတ်ရှုပြီး လမ်းမှန်ရောက်အောင် စာပေဖြင့် စာပေပညာရှင်ကြီးများက ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဉာဏ်ပူဇော်ခများနှင့် ဂုဏ်ပြု အထိမ်းအမှတ် လက်ဆောင်များအား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက နိုင်ငံတော်နှင့်စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ်(၄)ရပ်ကွက် ရှစ်မျက်နှာစေတီတော်ပရိဝုဏ်ရှိ ဓမ္မရက္ခိတတန်ဆောင်း၌ စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန် လှူဒါန်းကြသောအလှူရှင်များအား(ပထမအကြိမ်) ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် အမှတ်(၂)ရပ်ကွက် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရ(ဂန္ဓဝါစကပဏ္ဍိတ) ထံမှဧည့်ပရိသတ်များက ငါးပါးသီလခံယူပြီး ရှစ်မျက်နှာစေတီတော် သြဝါဒါစရိယ မြို့မရေလည်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာနန္ဒာလင်္ကာရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်က သြဝါဒကထာမြွက်ကြားသည်။

ယင်းနောက် ရှစ်မျက်နှာစေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ရွှေသင်္ကန်းကပ်လှူပူဇော်ရေး လုပ်ငန်းကော်မတီဝင်များက ဦးမျိုးဝင်းမြတ်-ဒေါ်နေလာစိုးမိသားစုက လှူဒါန်းသော ကျပ်သိန်း ၃၀၀ အပါအဝင် ဒီဇင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ လှူဒါန်းကြသော ကျပ်သိန်း ၁၀၀ အလှူရှင်ခြောက်ဦး၊ ကျပ်သိန်း ၅၀ အလှူရှင်လေးဦး၊ ငွေကျပ်ငါးသောင်းနှင့်အထက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



ကိုကျော်(သုံးခွ)

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ရေသန့်ဘူးနှင့်အာဟာရမုန့်များပေးဝေ

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇကသေနတ်ပစ်ဖောက်၍ တာလွတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများနှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဗဟိုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၄၀၀၀ နီးပါးခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူပါဝင်ဆင်နွှဲ

ပုသိမ် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများပါဝင်ဆင်နွှဲခဲ့ကြသည်။



ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲ

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး ရွှေရုပ်တုအဝိုင်းရှေ့မှ စတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်း၌ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ Physical Fitness Dance များအား အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၈၀၀ ခန့်က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဒီဇင်ဘာလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၇၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုံက်ဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ဒုံက်ဦး ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ဒုံက်ဦးမြို့နယ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

အဆိုပါလမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်၍ မြို့နယ်ပြည်သူ့အားကစားကွင်းအထိ သတ်မှတ်ထားပြီး အားကစားကွင်းအတွင်း၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက လမ်းလျှောက်လာကြသူများအား ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ်များသရုပ်ပြကာ တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

အဆိုပါလမ်းလျှောက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ NGO များ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



တနင်္သာရီမြို့နယ်၌ ဒီဇင်ဘာလ(နောက်ဆုံး)ပတ် လူထုလမ်းလျှောက်ပွဲပျော်ရွှင်စွာစုပေါင်းဆင်နွှဲ

တနင်္သာရီ ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ်၌ ဒီဇင်ဘာလ (နောက်ဆုံး)ပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲမှစ၍ ချောင်းကြီးရပ်ကွက် - ရွှေလိပ်ပြာ လမ်းဆုံနေရာမှ စတင် တာထွက်ကာ မြို့တွင်းလမ်းများအတိုင်း စည်ကားသိုက်မြိုက်စွာ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။



စုပေါင်းလမ်းလျှောက်

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် တနင်္သာရီမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူ၊ မြို့နယ် ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အတွင်းရှိ ဒေသခံမိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀၀ ကျော်က ချောင်းကြီးရပ်ကွက် - ရွှေလိပ်ပြာ လမ်းဆုံစုရပ်နေရာမှ စတင် တာထွက်၍ ကျန်းမာရေး လမ်း-မင်္ဂလာကြီး(၁)လမ်း-သုခ လမ်း-စျေးလမ်း-အာယုလမ်း-မြို့အဝင်လမ်း-ကမ်းနားလမ်းများ အတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ပေါင်မြို့နယ်၌ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ပေါင် ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်လမ်းလျှောက်သည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့မှ စတင်ကာ ကမ္ဘာအေးဘုရားလမ်း၊ အောက်လမ်းမကြီး၊ ဇော်လေးပင်လမ်းမှ မြို့နယ်အားကစားရုံသို့ စုပေါင်း၍လမ်းလျှောက်ပြီး မြို့နယ်အားကစားရုံရှေ့တွင်ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း အတွဲ (၁)၊ အတွဲ(၂)များ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**



ပနားမားတူးမြောင်းသည် ပနားမားနိုင်ငံနှင့် နိုင်ငံသားတို့၏ ပိုင်နက်ဖြစ်ကြောင်း ပနားမားသမ္မတ ပြောကြား

ပနားမားစီးတီး ဒီဇင်ဘာ ၂၈

ပနားမားတူးမြောင်းသည် ပနားမားနိုင်ငံနှင့် နိုင်ငံသားတို့၏ ပိုင်နက်ဖြစ်ကြောင်း ပနားမားသမ္မတ ဂျို့စ်ရာအူးမူလီနိုက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ခြိမ်းခြောက်မှုအပေါ် ဒီဇင်ဘာ ၂၆ ရက်က တုံ့ပြန်ပြောကြားခဲ့သည်။

၁၉၀၃ ခုနှစ်တွင် ပနားမားမြစ်၌ တူးမြောင်းတည်ဆောက်ရန်အတွက် ပနားမားနှင့် အမေရိကန်နှစ်နိုင်ငံက Hay–Bunau–Varilla စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ပူးပေါင်းချိတ်ဆက်ထားသည့် ဖက်ဒရယ်အဖွဲ့အစည်းဖြစ်သော ပနားမားတူးမြောင်းကော်မရှင်ဟောင်းသည် အမေရိကန်နှင့် စာချုပ်စာတမ်းအများအပြားကို ထပ်မံချုပ်ဆိုခဲ့သည်။

၁၉၉၉ ဒီဇင်ဘာ ၃၁ ရက်တွင် အမေရိကန်နိုင်ငံက တူးမြောင်းကို ပနားမားနိုင်ငံသို့ အပြည့်အဝ အုပ်ချုပ်ခွင့် ပြန်လည်ပေးအပ်ခဲ့ကြောင်း ပနားမားသမ္မတ မူလီနိုက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် တူးမြောင်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ လက်ခံဆွေးနွေးသွားမည်မဟုတ်ကြောင်း သမ္မတ မူလီနိုက ဆိုသည်။

အမေရိကန် သင်္ဘောများအတွက် ဖြတ်သန်းခများ လျှော့ချနိုင်ခြေနှင့်ပတ်သက်၍ မည်သည့်အခကြေးငွေကိုမျှ လျှော့ချကောက်ခံသွားမည်မဟုတ်ကြောင်းနှင့် ယင်းသို့တူးမြောင်းဖြတ်သန်းခကောက်ခံခြင်းသည် အစိုးရ၏ လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ပွင့်လင်းမြင်သာသည့် ပုဂ္ဂလိက လုပ်ငန်းစဉ်တစ်ခုသာဖြစ်ကြောင်း သမ္မတ မူလီနိုက ဆင်ဟွာသတင်းဌာန၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်





စူးအက်တူးမြောင်းမှ ရရှိသော ဝင်ငွေပမာဏ ယခုနှစ်အတွင်း ၆၀ ရာခိုင်နှုန်းကျော် လျော့ကျ

ကိုင်ရီ ဒီဇင်ဘာ ၂၈

အီဂျစ်နိုင်ငံရှိ စူးအက်တူးမြောင်းမှ ရရှိသော ဝင်ငွေပမာဏသည် ၂၀၂၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် လျော့ကျခဲ့ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

အီဂျစ်နိုင်ငံသည် ယခုနှစ်အတွင်း စူးအက်တူးမြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဘီလီယံ ဝင်ငွေဆုံးရှုံးခဲ့ကြောင်းနှင့် ပင်လယ်နီနှင့် Bab al-Mandab ရေလက်ကြားခွဲ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် စိန်ခေါ်မှုများကြောင့် တူးမြောင်း၏ သွားလာမှုလမ်းကြောင်းသာမက ကမ္ဘာ့ကုန်သွယ်မှုရေရှည်တည်တံ့ရေးကိုပါ ထိခိုက်စေကြောင်း သမ္မတ အယ်လ်စီစီက စူးအက်တူးမြောင်းအာဏာပိုင် ဥက္ကဋ္ဌ အိုစမာ ရာဘီနှင့် တွေ့ဆုံစဉ် ပြောကြားကြောင်း သိရသည်။

တူးမြောင်းဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်းဆုံးလမ်းကြောင်းဆိုင်ရာ ဝန်ဆောင်မှုများပေးဆောင်ရေးနှင့် ကမ္ဘာ့ကုန်သွယ်မှုလမ်းကြောင်းအတွက် မရှိမဖြစ်မဏ္ဍိုင်တစ်ခုအဖြစ် တူးမြောင်း၏အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန် အီဂျစ်သမ္မတ အယ်လ်စီစီက စူးအက်တူးမြောင်းအာဏာပိုင်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

စူးအက်တူးမြောင်းသည် မဟာဗျူဟာကျသော ရေလမ်းကြောင်းတစ်ခုဖြစ်ပြီး အီဂျစ်နိုင်ငံ၏ အဓိက စီးပွားရေးအခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်သည်။

ကိုးကား – အင်နာအိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိ ရောဂါဖြစ်ပွားသူပေါင်း ၆၇ ဦးအထိ ရှိလာ

အစ္စလာမာဘတ် ဒီဇင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့် အတွက် ယခုနှစ်အတွင်း ရောဂါဖြစ်ပွားသူ အရေအတွက်မှာ ၆၇ ဦးအထိ ရှိလာကြောင်း ပါကစ္စတန် အမျိုးသားကျန်းမာရေးအင်စတီကျူက ယမန်နေ့က ပြောကြားသည်။

အဆိုပါ ရောဂါဖြစ်ပွားသူ နှစ်ဦးကို တန့်ခ်ခရိုင်၏အနောက်မြောက်ပိုင်းနှင့် တောင်ပိုင်းခရိုင် ကတ်ရှ်မိုတို့၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုလီယိုရောဂါဖြစ်ပွားသူ ၆၇ ဦးအနက် ၂၇ ဦးသည် အနောက်တောင်ဘက် ဘာလိုချီစတန် ပြည်နယ်မှဖြစ်ပြီး ၁၉ ဦးသည် အနောက်မြောက်ပိုင်း ခိဘာပတ်တန်ခွာပြည်နယ် နောက်ထပ် ၁၉ ဦးသည် တောင်ပိုင်း ဆင်းပြည်နယ်၊ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်နှင့် မြို့တော် အစ္စလာမာဘတ် တို့မှ တစ်ဦးစီ စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း နိုင်ငံအတွင်း၌ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမှုလုပ်ငန်းစဉ်ကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ခရိုင် ၁၄၃ ခုရှိ ငါးနှစ်အောက် ကလေး ၄၄ သန်းကျော်အား ကာကွယ်ဆေးတိုက်ကျွေးနိုင်ရန် ရည်မှန်းထားပြီး ယခုလ အစောပိုင်းတွင် ကာကွယ်ဆေးတိုက်ကျွေးမှုပထမအဆင့်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးတိုက်ကျွေးမှု ဒုတိယအဆင့်ကို ဒီဇင်ဘာ ၃၀ ရက်တွင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်အရေအတွက် ဒီဇင်ဘာ ၂၇ ရက်တွင် နှစ်သန်းပြည့်မီခဲ့

ကိုလံဘို ဒီဇင်ဘာ ၂၈

သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ဒီဇင်ဘာ ၂၇ ရက်တွင် နှစ်သန်းပြည့်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားအလုပ်အကိုင်နှင့် ခရီးသွားလာရေးဝန်ကြီးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒီဇင်ဘာလ ပထမ ၂၆ ရက်အတွင်း နိုင်ငံအတွင်းသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်အရေအတွက်မှာ ၁၉၅၁၂၇ ဦးရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

ရည်မှန်းထား

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် သုံးသန်းလာရောက်ရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်းဒေသ မြောက်ပိုင်းရှိ ဆေးရုံတစ်ရုံကို ဝင်ရောက်စီးနင်း

ဂါဇာစီးတီး ဒီဇင်ဘာ ၂၈

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်းဒေသ မြောက်ပိုင်းရှိ ဆေးရုံတစ်ရုံကို ဒီဇင်ဘာ ၂၇ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် လူနာများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခိုင်းစေကာ ဆေးရုံကို မီးရှို့ဖျက်ဆီး ခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

Kamal Adwan ဆေးရုံ တိုက်ခိုက်မှုဖြစ်စဉ်တွင် ခွဲစိတ်ဌာနနှင့် လူနာတင်ယာဉ်များ မီးလောင်ခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ဂါဇာကမ်းမြောင်းဒေသရှိ ကျန်းမာရေးစနစ်ကို စနစ်တကျ ဖျက်ဆီးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသည့် ပါလက်စတိုင်းထောင်ပေါင်းများစွာကို သေဒဏ်ခချမှတ်ခြင်းပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြင်းပြင်းထန်ထန် ရှုတ်ချပြောကြားသည်။

သို့သော် အဆိုပါ အဆောက်အအုံသည် ဟားမတ်စ်အဖွဲ့၏ အမာခံနယ်မြေဖြစ်ကြောင်း အစ္စရေးအဖွဲ့က အခိုင်အမာပြောကြားသည်။

ကိုးကား – အင်နာအိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

ယီမင်နိုင်ငံမြို့တော် ဆာနားရှိ နိုင်ငံတကာလေဆိပ်ကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

ဆာနား ဒီဇင်ဘာ ၂၈

အစ္စရေးတပ်မတော်က ယီမင်နိုင်ငံမြို့တော် ဆာနားရှိ နိုင်ငံတကာလေဆိပ်ကို လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ယမန်နေ့က သတင်းထုတ်ပြန်သည်။

နိုင်ငံအတွင်းရှိ ဆိပ်ကမ်းများနှင့် အခြားသော အခြေခံအဆောက်အအုံများကို လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ဆက်လက်ပြောကြားသည်။ အစိုးရဆန့်ကျင်ရေး ဟူသီသူပုန် များကို ဆန့်ကျင်သည့် စစ်ဆင်ရေးဖြစ်ကြောင်းလည်း အစ္စရေးတပ်မတော်က မှတ်ချက်ပြုပြောကြားသည်။



ဟူသီအဖွဲ့သည် အီရန်နိုင်ငံမှ လက်နက်များကို နိုင်ငံအတွင်းသို့ ခိုးသွင်းရန် လေဆိပ်နှင့် ဆိပ်ကမ်းများကို အဓိကအသုံးပြုနေကြောင်း အစ္စရေးတပ်မတော်က ဒီဇင်ဘာ ၂၆ ရက်တွင် ကြေညာခဲ့သည်။

အစ္စရေး၏ တိုက်ခိုက်မှုအတွင်း သုံးဦး သေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီအဖွဲ့နှင့် နီးစပ်သည့် ယီမင်မီဒီယာတစ်ခုက သတင်းဖော်ပြသည်။

ဟူသီများသည် ဟားမတ်စ်အဖွဲ့နှင့် စည်းလုံးညီညွတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ၎င်းတို့သည် အစ္စရေးအဖွဲ့ကို အကြိမ်ကြိမ် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ဟူသီအဖွဲ့ ပစ်လွှတ်ခဲ့သည့် ပဲ့ထိန်းဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံ၏ စီးပွားရေးမြို့တော် တဲလ်အဗစ်ကို ထိမှန်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် အစ္စရေးပြည်သူ ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဂါဇာကမ်းမြောင်းဒေသတွင် အပစ်အခတ်ရပ်စဲရေး ရသည့်တိုင် တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဟူသီအဖွဲ့က ပြောကြားသည်။

ဂါဇာကမ်းမြောင်းဒေသအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အစ္စရေးတပ်မတော်က တောင်းဆိုမှုများ ထပ်တိုးချမှတ် တင်သွင်းခဲ့ခြင်းကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ဟားမတ်စ်က ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

ရန်ကုန်မြို့ပေါ်၌ မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချသူ မြန်မာနိုင်ငံသားနှစ်ဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦးတို့အား ငွေကျပ်သိန်း ၂၇၈၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

ရန်ကုန်မြို့ပေါ်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ မြန်မာနိုင်ငံသား နှစ်ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦးတို့အား ငွေကျပ်သိန်း ၂၇၈၀ ကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၈)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းရရှိထားသူ လှဦး(ခ)လှမျိုး အား Toyota Mark X ယာဉ်တစ်စီးနှင့်အတူတွေ့ရှိ၍ ရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂၃၈ ဒဿမ ၅ ဂရမ်၊ ကက်တမင်း ၂၇ ဂရမ်နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၄၀၀ တို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီတွင် တာမွေမြို့နယ် ဖိုးစိန်လမ်းမပေါ်တွင် မြတ်သူအား စိတ်ပြောင်းဆေးဝါး Happy Water ၁၂၉ ဂရမ်နှင့် လည်းကောင်း၊ ၎င်းနေထိုင်သည့် ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၆ ဒဿမ ၁၂၅ ကီလို၊ ကက်တမင်း ဂရမ်၉၅၀နှင့်အက်တက်စီဆေးပြား ၂၄၀ တို့အား လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက် ည ၈ နာရီခွဲတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၆၁)ရပ်ကွက်တွင် ၄းရမ်းနေထိုင်သည့် မလေးရှားနိုင်ငံသား Mr. Lee Kok Sun အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇၅ ဂရမ်၊ အက်တက်စီဆေးပြား ၄၅၀ ၊ Happy-5 ဆေးပြား ၆၀၀ ၊ အမှုန့်ကြိတ်စက်တစ်လုံး၊ အိတ်ပိတ်စက်တစ်လုံး၊ ထုပ်ပိုးခွံအလုံး ၅၀၀၊ Happy Water ရောစပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီအရသာမှုန့် ဂရမ် ၈၀၀ ၊ လိမ္မော်အရသာမှုန့် ဂရမ် ၇၀၀ တို့နှင့် လည်းကောင်းအသီးသီးသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၇၈၀ ကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၆ ဒဿမ ၄၉၂၅ ကီလို၊ ကက်တမင်း ၁ ဒဿမ ၀၅၂ ကီလို၊ အက်တက်စီဆေးပြား ၆၉၀ ၊ စိတ်ကြွဆေးပြား ၄၀၀ နှင့် Happy-5 ဆေးပြား ၆၀၀ ၊ အမှုန့်ကြိတ်စက်တစ်လုံး၊ အိတ်ပိတ်စက်တစ်လုံး၊ ထုပ်ပိုးခွံအလုံး ၅၀၀၊ Happy Water ဖျော်စပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီအရသာမှုန့် ဂရမ် ၈၀၀ နှင့် လိမ္မော်အရသာမှုန့် ဂရမ် ၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် စိတ်ပြောင်း ဆေးဝါးများအား ရောစပ်၍ ရန်ကုန်မြို့ပေါ်ရှိ KTV/ BAR/ CLUB နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃၂၂၃ သိန်း တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၈

တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃၂၂၃ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းကျောက်ကျေးရွာအနီးရှိ KTV သို့ ဝင်ရောက်ရှာဖွေရာ ကြိုတင်သတင်းရရှိထားသူများဖြစ်သည့် မနန်းရဲနှင့် မနန်းယိုင်း(ခ) နန်းဖူးရီနှင့် အိုက်အွန်(ခ)စိုင်းအွန်တို့ သုံးဦးအား စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒဿမ ၆၃ ကီလို၊ ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာအနီးတွင် အိုက်ခမ်ခန်းမောင်းနှင်ပြီး စိုင်းလှကြိုင်လိုက်ပါလာသည့် ဆိုင်ကယ်နှင့် အိုက်နွံတို့ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အိုက်နွံတို့မှာ ဆိုင်ကယ်အားလုံးချ၍ ထွက်ပြေးသွားသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒဿမ ၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အိုက်အွန်(ခ)စိုင်းအွန်၊ မနန်းယိုင်း(ခ)နန်းဖူးရီ၊ မနန်းရဲနှင့် စိုင်းလှကြိုင်နှင့် အိုက်ခမ်ခန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်း များဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၂-၂၀၂၄ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော်
(ဇေတ္တသုတ်၊ရတနသုတ်၊ဟောရုဏ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ စကားဝါကြေပြုပုံဖိုးမြတ်တောင်တော်
၀၉:၁၀ နဝဂုဏပါသထသီလပေးတရားတော်
၀၉:၄၀ ကာတွန်းအစီအစဉ်
'တီရတ္တန်မြို့တော်၏တာတ်လမ်း'(အပိုင်း-၂၁)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၁၅ "သံစဉ်ဝေဖြာမနေ့အလှကဏ္ဍ"
တေးဂီတဂျော်ဇြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၅ အသိပညာနှင့်အမှုန်တရား
၁၂:၃၀ 'ဘုရားရှင်မြတ်နိုးသောဒကာ၊ဒကာမ'
တရားတော်
၁၃:၁၀ MRTV National News
၁၃:၃၅ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ရက်ပြုရှုရှင်
မြန်မာနွယ်ဝင်ရှုရှင် "ဇိဉ်ညိဇ်ဇြေဇိဉ်အဂေ"
(ညွှန့်ဝင်း၊ဝင်းဖိုလ်၊ဆန်းဝင်း၊ကြည်ကြည်အေး၊
နင်းဆီမြတ်မွန်)(အိရိုက်တာ-ညွှန့်ဝင်း)
၁၅:၄၅ Sports Diary
၁၆:၀၅ ထူးခြားစုံလင်အာရုပစိတ်အစီအစဉ်
၁၇:၃၅ (၇၇)နှစ်မြောက်၊လွတ်လပ်ရေးနေ့ရက်ပြု
အစီအစဉ်
၁၈:၃၅ (၇၇)နှစ်မြောက်၊လွတ်လပ်ရေးနေ့
အထိမ်းအမှတ်ရုပ်ရှင်ပြုတေးသီချင်း
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်)
"ဆုတောင်းပြည့်ကြယ်တာရာစတာလာ"
(အပိုင်း-၄၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
မိုးလေဝသအင်ဒြေးနေ
၂၁:၀၀ ဘဝနှင့်အနုပညာ
"အဆင့်ဆင့်တက်လှမ်းခဲ့သော အနုပညာ
ခရီးစဉ်" (အပိုင်း-၁)(ငှက်ပျောကြော်)
၂၁:၃၀ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ရက်ပြု
ရုပ်ရှင်၊ သေးငှောင့်စုံရုပ်ရှင်
"တိုက်ပွဲငါသံ"

mitv

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:11 Attractive New Destinations of Bagan
07:35 A Traditional Food in Bagan: Pone Ye Gyi
07:48 Pwe Kauk Waterfall Resort (BE. FALLS)
08:01 News
08:28 Star Bean Production
08:47 Khema Yama Nunnery School
09:01 Commercial Farming to GDP Growth, Pomelo Grower
09:23 Myanmar Childhood Games (Episode-1)
09:33 Today Myanmar: Let's Plant Trees for the Healthy Planet
09:43 Traditional Myanmar Theatrical Performance: The Captivating Performance of Male Dancers
09:51 Empowering Myanmar's MSMEs: Success Story in Fish Farming Business Development
10:01 News
10:28 Topics Potpourri; Colombian Innovation Turns Trash into Treasure
10:33 Myanmar Traditional Snacks: Mounhsi Gyaw

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ဖိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
ဝေကကရင် (၁၀:၀၀ မှ ၁၁:၀၀)
သင်ယူလေ့လာတိုရဲ့စာ(အပိုင်း-၁၃)
ဘနေကပိုးကရင် (၁၁:၀၀ မှ ၁ ၂:၀၀)
အကြောပုဂံလို့တင်စားဒေါ်ဝေါ်တဲ့မြောင်းမြို့ဟောင်း
ဘရွှေပိုးကရင် (၁ ၂:၀၀ မှ ၁၃:၀၀)
မြေးအိုး(အပင်အကြောင်း)
ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)
ဒီးပြူသီးနှင့်ကျန်းမာရေး
ချင်း (ချီး) (၁၄:၀၀ မှ ၁၅:၀၀)
'၀'ဥစိုက်ပျိုးခြင်း
မွန် (၁၅:၀၀ မှ ၁၆:၀၀)
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်
ရခိုင် (၁၆:၀၀ မှ ၁၉:၀၀)
ပင်မြင့်သင်ပန်းတော်ဝင်
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)
ဒေသတစ်လွှား စီတီဝင်စားပွဲယ်ရာများ(အပိုင်း-၁)
ဝ (၂၁:၀၀ မှ ၂၃:၀၀)
လူငယ်နှင့်လူပတ်ဝန်းကျင်(အပိုင်း-၃)

MRTV NEWS

၀၆:၀၀ အပွင့်၊တေးသီချင်း
၀၆:၀၅ လှပ်လှပ်ရှားရှားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၄:၁၅ News Desk
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အပွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော
နိုင်ငံများအကြောင်းသိကောင်းစရာများ
(ကိုရိယားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို
"ရှုခြင်း:အတူတူ"
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော
နိုင်ငံများအကြောင်းသိကောင်းစရာများ
(ဝင်ကာရှနိုင်ငံ)
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း
(ကိုရိယားနိုင်ငံ) (အပိုင်း-၁)
၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၁)

MRTV FARMERS' HD

၀၆:၀၀ အပွင့်၊နိုင်ငံတော်သီချင်း
၀၆:၂၅ မြန်မာချစ်စဖွယ်မုန့်ဟင်းခါး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၁:၃၅ A day in the LIFE as a FULL TIME farming & Vlogging Family
၁၁:၅၀ BUSY DAY ON THE FARM
၁၃:၄၅ International Music Hits
၂၀:၀၀ "ခွ" (ဇာတ်လမ်း)
အိုက်ဘာ-ကိုဇင်(အရုဏ်ဦး)၊
သရုဏ်ဆောင်-ဇေဂုဏ်ကြည်ဦးတို
၂၂:၀၀ A Little Thing Called Love
(နိုင်ငြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အပွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ အောင်မြင်မှုမြင့်မားခဲ့သည်မြန်မာ့အားကစား
၀၇:၄၅ Weekend News
၁၂:၀၀ အားကစားသတင်း
၂၀:၀၀ တန်ဆောင်တိုင်မိုးထက်သစ်မြန်မာ့ရိုးရာ
လက်ဝှေ့ပြိုင်ပွဲ (Replay)

Scan Here

MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို
ဇုန်(၂)ကုန်း (၉၀၀)နှစ်မှ
တင်ကြေးသွင်း (၅)နှစ်ရှိ
(၆)ကြိမ်နှုန်း ထုတ်သွင်းပြသပေးနေပါသည်။


တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူမန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး မြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေး အဆန်ရထားပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၀၈၀၀၀)ကို လည်းကောင်း၊ ကျောက်ဆည်မြို့အကျော် စဉ့်ကိုင်ကတ္တားဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၅၆၈၀၀)နှင့် အဆိုပါပစ္စည်းများ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို လည်းကောင်း၊ ပလိပ်မြို့ Max ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၉၆၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကျောက်ဆည်မြို့မြို့ရှောင်လမ်း ရွှေသိမ်တော်ဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၄၆၀၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၄၀၀၄၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရွာ၌ X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၆၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၅၈၂၈၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်တို့ လျော့ကျလာစေပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်း ပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ရေတာရှည်မြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၆၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော တောင်နန်ချွန်ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန့်စင်မျိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်းတို့က(ပေ ၈၀၀ x ၁၂ ပေ x ၆ လက်မ)လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျောက်တံခါးမြို့နယ် မြို့မဈေးဌာန မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်

ကျောက်တံခါး ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဈေးသူ ဈေးသားများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှုရှိစေရေးအတွက် အသိသတိရှိကြရန် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးအတွင်း ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ ဈေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် ရေပက်ဖျန်းခြင်း၊ ဈေးဆိုင်ခန်းများအတွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းမှုများ၊ ရေကန်များစစ်ဆေးခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “AungThan Dine” Facebook အကောင့်နှင့် “aungthandine7” TikTok အကောင့်ပိုင်ရှင် ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ အောင်သံဒိုင်(ခ)သံဒိုင် ကျော်အား ည ၈ နာရီ၅၅ မိနစ်တွင် အင်းစိန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွာငံမြို့မဈေးဌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ရွာငံ ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြို့မဈေးဌ မီးလောင်/မီးလန့်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီခွဲတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဦး ဦးဆောင်သော သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဈေးတာဝန်ခံဝန်ထမ်းများ ပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဈေးသူ ဈေးသားများအား မီးဘေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

လောကပါလတရားမှသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆီ ...

စွမ်းပြည့်



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပစဉ်။

ယနေ့ ကမ္ဘာ့အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ပါ။

အချို့သော နိုင်ငံတွေမှာ အချုပ်အခြာအာဏာ အလုံးစုံပျက်သုဉ်းခြင်း ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်း ကင်းမဲ့နေခြင်း အခြေအနေမျိုးစုံ တွေ့မြင်နေရတယ်။ တစ်ပါးနိုင်ငံ၊ အဖွဲ့အစည်းတစ်ခုခုရဲ့ စစ်ရေးအရ၊ စီးပွားရေးအရ၊ သံတမန်ရေးအရ လွှမ်းမိုးခြင်းခံရပြီး အမှီအခိုမကင်း အစောင့်ရှောက်ခံဘဝနဲ့ နေရတဲ့ နိုင်ငံတွေလည်း ရှိနေတယ်။ အချို့နိုင်ငံတွေမှာ မိမိအချုပ်အခြာအာဏာ ကျိုးပဲ့မသွားအောင်ကို မနည်းရုန်းကန်နေရတဲ့ အနေအထားတွေလည်း တွေ့နေရတယ်။

ဒီလိုနိုင်ငံတွေရဲ့ လွတ်လပ်ရေးက တကယ့် စစ်မှန်တဲ့ လွတ်လပ်ရေးဖြစ်ပါသလား၊ ထိုနိုင်ငံတွေရဲ့ လွတ်လပ်ရေးအနှစ်သာရက ဘာလဲ၊ လွတ်လပ်ရေးရဲ့အရသာကို ထိုနိုင်ငံက ပြည်သူ၊ ပြည်သားတွေ အပြည့်အဝခံစားစံစားနိုင်ကြပါရဲ့လား။

သတိပြုရမယ့် လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ အကြောင်းတရားများ

နယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝနဲ့ ဆုံးရှုံးခဲ့ရတဲ့ အချုပ်အခြာအာဏာကို ပြန်လည်တိုက်ခိုက်ရယူပြီး ကိုလိုနီနယ်ချဲ့လက်အောက်က ပြန်လည်လွတ်မြောက်တဲ့နေ့၊ မိမိအချုပ်အခြာအာဏာပြန်တည်တဲ့နေ့ကို လွတ်လပ်ရေးနေ့၊ အမျိုးသားနေ့စသည်ဖြင့် နိုင်ငံအများစုက သတ်မှတ်ကြတယ်။

မြန်မာနိုင်ငံကတော့ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကလွတ်မြောက်ပြီး လွတ်လပ်ရေးရခဲ့တာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ၇၇ နှစ်တိုင် ရှိခဲ့ပါပြီ။ သို့ပေမယ့် မြန်မာပြည်သူလူထုကြီးအနေနဲ့တော့ ရရှိပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးရေး တိုက်ပွဲဝင်နေကြရဆဲပါ။ မြန်မာပြည်သူအများစုကြီးက လွတ်လပ်ရေးကို တန်ဖိုးထားပါတယ်။ ဒါကြောင့်လည်း အချုပ်အခြာ ထိပါးခံရမယ့်အခြေအနေရောက်တိုင်း အသက်သွေးချွေးစတေးပြီး ကာကွယ်စောင့်ရှောက်ကြတဲ့ သမိုင်းအစဉ်အလာရှိခဲ့တာ ဖြစ်ပါတယ်။

အတိတ်သမိုင်းချင်းမတူ၊ သမိုင်းကိုဆက်ခံပုံချင်းမတူကြတဲ့ နိုင်ငံတွေမှာ လွတ်လပ်ရေးကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ကြပါသလဲ။ ကောင်းလို့၊ ကြိုက်လို့ကျင့်သုံးနေတဲ့ စနစ်တစ်ခု၊ ဒီစနစ်ကို ဘယ်လိုကာကွယ်နေကြပါသလဲ။ ဒါကို နမူနာယူပြီး ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ၊ အချုပ်အခြာထိပါးနိုင်ခြေရှိတဲ့ အကြောင်းတရားတွေကို ဘယ်သူတွေကဖန်တီးနေကြပါသလဲ။ သတိမမူ ဂူမမြင်ဆိုသလို ပေါ့ပေါ့ဆဆ မနေဘဲ သတိတရားလက်ကိုင်ထားပြီး အလေးအနက်ထားရမယ့် အနေအထားတစ်ခုမှာ ရောက်နေကြောင်း ဂရုပြုကြရပါမယ်။

လွတ်လပ်ခြင်းကို ရလိုမှုအတွက် အရေးကြီးသော လောကပါလတရား

ဥပမာတစ်ခု တင်ပြရရင် မကြာသေးမီရက်ပိုင်းက ကိုရီးယားမှာဖြစ်ပွားတဲ့ ဆန္ဒပြပွဲတွေကို ကြည့်လိုက်ပါ။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ကျင့်သားရနေတဲ့ စုစုစည်းစည်း၊ ညီညီညာညာ ဆန္ဒပြနေတဲ့ မြင်ကွင်းတွေကို တစ္ဆေတစောင်း ငေးမောမိပါလိမ့်မယ်။ ဆန္ဒပြ ကိုရီးယားပြည်သူတွေဟာ အခြားသော ပြည်သူတွေ၊ ဝန်ထမ်းတွေ သွားလမ်း၊ လာလမ်း မသာအောင် ကားတွေနဲ့ပိတ်၊ တာယာတွေမီးရှို့ပြီး လမ်းမပိတ်ခဲ့ကြပါဘူး။

စားဝတ်နေရေးအတွက် လှုပ်ရှားနေကြရတဲ့ ပြည်သူတွေအပေါ်မှာ အနှောင့်အယှက်မပေး၊ စာနာနားလည်မှုပေးခဲ့ကြတယ်။ ခံယူချက်မတူသူတွေအပေါ် လူဂုဏ်သိက္ခာ ညှိုးနွမ်းဖွယ်အပြုအမူတွေနဲ့ ရန်မရှာ၊ မသတ်ဖြတ်ခဲ့ကြဘူး။ တစ်ပါးသူအခွင့်အရေးကို မပိတ်ပင်၊ လူ့ကျင့်ဝတ်နဲ့အညီ လူသားဆန်တာတွေ့ရတယ်။ အလုပ်ရုံ၊ စက်ရုံတွေ ပိတ်ခိုင်းတာမျိုး၊ လူ့ကျင့်ဝတ်ကိုသင်ကြားပေးတဲ့ ကျောင်းတွေကို အတင်းအဓမ္မပိတ်ခိုင်းတာမျိုး ကိုရီးယားမှာ ရှိပုံမရပါဘူး။

ကိုရီးယားပြည်သူတွေဟာ သူတို့ရပိုင်ခွင့်ကဘာ၊ ကျင့်ဝတ်ကဘာဆိုတာ သိနားလည်ကြပုံပါပဲ။ ဒါပေမဲ့ ဘေးပယောဂကြောင့် အများပြည်သူကို အနှောင့်အယှက်ဖြစ်မယ်၊ အများပိုင် အဆောက်အအုံတွေ၊ လမ်းတွေပိတ်ပြီး အကြမ်းဖက်လာမယ် ဆိုရင်တော့ ကိုရီးယားအစိုးရကလည်း မနေသာဘဲ တာဝန်နဲ့အညီ နှိမ်နင်းရတော့မှာပါ။ ဘယ်နိုင်ငံမှာမဆို ဒီလိုပါပဲ။ ညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်းဆိုတာ လွတ်လပ်ခြင်းရဲ့ အနှစ်သာရတစ်ခုပါ။ လွတ်လပ်ခြင်းရဲ့အနှစ်သာရဆိုတာ စည်းကမ်းရှိတဲ့လူသား၊ စည်းကမ်းနဲ့အညီ ဒီမိုကရေစီကျင့်စဉ်တွေနဲ့အညီ အုပ်ချုပ်တဲ့အစိုးရတွေနဲ့သာ လိုက်ဖက်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ အထက်ပါ အနှစ်သာရမျိုးတွေနဲ့အညီ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးရှိကြပါရဲ့လား၊ မျှမျှတတ၊ တရားဓမ္မနဲ့အညီ နေထိုင်တတ်ပြီလား မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ကြစေလိုပါတယ်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာ

နိုင်ငံတစ်နိုင်ငံမှာ အကြမ်းဖက်မှုတွေ ထူပြောနေမယ်၊ စစ်မက်ရေးရာတွေ များပြားလာမယ်၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မတည်မငြိမ်ဖြစ်မယ်ဆိုရင် ဒီအင်္ဂါရုပ်တွေဟာ အချုပ်အခြာအာဏာကင်းမဲ့ခြင်းဆီ ဦးတည်သွားနိုင်ပါတယ်။ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာတရားခေါင်းပါးမှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရိ်တရားခေါင်းပါးမှုတို့ကြောင့် အကြမ်းဖက်မှုတွေ ဖြစ်ရတယ်။ လူလူချင်းလိမ်ညာကောက်ကျစ်ပြီး မတရားမှုတွေကြီးစိုးတဲ့ဝန်းကျင်မှာ ဘယ်နည်းနဲ့မှ တရားဥပဒေစိုးမိုးမှုမရှိနိုင်သလို တရားမဲ့ပြုကျင့်မှုတွေသာလျှင် ကြီးစိုးနေမှာဖြစ်ပါတယ်။

အကြမ်းဖက်မှုမရှိ၊ တရားဥပဒေစိုးမိုးမှုရှိတဲ့ လူ့အဖွဲ့အစည်းကသာ လူတစ်ဦး၊ တစ်ယောက်ချင်း အတွက်ရော နိုင်ငံအတွက်ပါ မိမိကံကြမ္မာ မိမိဖန်တီးခွင့်ဆိုတဲ့ရပိုင်ခွင့်ကိုပေးပါတယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာဟာ နိုင်ငံသားတိုင်းအတွက် အလွန်အရေးကြီးတဲ့ မွေးရာပါအခွင့်အရေးတစ်ခုပါ။ မြန်မာနိုင်ငံက မြန်မာလူမျိုးတွေအနေနဲ့တော့ မိမိအစိုးရနဲ့မိမိနိုင်ငံ၊ သမိုင်းအစဉ်အဆက်တည်ရှိတဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ဘာသာတရား၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ တိကျတဲ့နယ်နိမိတ်နဲ့ လူဦးရေ၊ မည်သည့်နိုင်ငံနဲ့မဆို လွတ်လွတ်လပ်လပ် ဆက်ဆံနိုင်တဲ့ သံတမန်ဆက်ဆံရေး၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဘယ်သူ့ကိုမှမမှီခိုရဘဲ ရှင်သန်ရပ်တည်နိုင်ခြင်း စသည်ဖြင့် အပြည့်အဝလွတ်လပ်တဲ့၊ အကြွင်းမဲ့အချုပ်အခြာအာဏာပိုင်တဲ့၊ လွတ်လပ်တဲ့ လူမျိုးတွေအဖြစ် ရပ်တည်နိုင်တာကို ပြသနေခြင်းဖြစ်ပါတယ်။

အရေးသုံးပါးအပေါ် ဘက်ပေါင်းစုံကထိုးနှက်မှုတွေ

ဒါပေမဲ့ ဒီလက္ခဏာတွေက ထာဝရတည်မြဲနေဖို့လိုအပ်ပါတယ်။ နိုင်ငံကို တာဝန်ယူဦးဆောင်နေတဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီအရေးကြီးတဲ့ အချက်တွေ ထာဝရတည်တံ့ခိုင်မြဲနေအောင်၊ ပြည်သူတွေ တိုင်းရင်းသားတွေနဲ့အတူ ကြိုးစားလုပ်ဆောင်ပေးနေတယ်။ ပြဿနာက နိုင်ငံအတွင်းမှာ ထိုအင်္ဂါရုပ်တွေ တစ်စစီကျိုးပျက်သွားအောင် ချိုးဖဲ့ရိုက်ချိုးနေတဲ့ ပြည်တွင်း၊ ပြည်ပထိုးနှက်ချက်တွေ ရှိနေတယ်ဆိုတဲ့အချက်ပဲ။

တချို့သောလက်နက်ကိုင်အဖွဲ့တွေ၊ တချို့သောသူတွေက နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် အကြမ်းဖက်ကြတယ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံကနေ တိုက်ခိုက်ကြတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေအကြား ညီညွတ်မှုမရှိအောင်၊ အချုပ်အခြာဆုံးရှုံးအောင်၊ ထာဝရမြန်မာဆိုတဲ့တည်မြဲမှုကနေ ရပ်တန့်သွားအောင် ကြံဆောင်နေကြတယ်။

နိုင်ငံနဲ့လူမျိုးအပြီးတိုင် လုံးဝဥဿုံပြိုလဲပျက်စီးအောင်ကို အစွမ်းကုန်ကြံဆောင်နေကြတာ ဖြစ်တယ်။ သူတို့မှာ ပြည်ထောင်စုစိတ်ဓာတ်မရှိတဲ့အခါ ပြည်ထောင်စုကို တန်ဖိုးမထားတတ်ဘူး၊ နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံး၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအားလုံး ကပြား သွေးနှောဆက်စပ်ကြသူချည်းပဲ။ ဒီမြေ၊ ဒီရေ၊ ဒီလေကို အားလုံးကပိုင်၊ အားလုံးနဲ့ဆိုင်ပါတယ်။ ခွဲထွက်ခွင့်မရှိရပါဘူး။ တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးခြင်းဆိုတဲ့ ညီညွတ်မှုစိတ်ဓာတ်မရှိတဲ့အခါ အချင်းချင်းတောင် တန်ဖိုးမထားတော့ဘဲ သမိုင်းကိုပြောင်းပြန်လှန် ခွဲထွက်ချင်နေကြတယ်။ လုပ်ရပ်အားလုံးဟာ တစ်ခုမှကောင်းဖို့မရှိ၊ နိုင်ငံအချုပ်အခြာတိုင်းရင်းသားလူမျိုးများရဲ့ဖြစ်တည်မှု နိုင်ငံသားတို့ရဲ့စွမ်းပကားအားလုံးကို ကျိုးပဲ့ကြေမွသွားအောင် လုပ်နေသလိုပဲဆိုတာ တွေ့ရမယ်။ **စာမျက်နှာ ၁၇ သို့** ❖

> **နိုင်ငံတစ်နိုင်ငံမှာ အကြမ်းဖက်မှုတွေ ထူပြောနေမယ်၊ စစ်မက်ရေးရာတွေ များပြားလာမယ်၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး မတည်မငြိမ်ဖြစ်မယ်ဆိုရင် ဒီအင်္ဂါရုပ်တွေဟာ အချုပ်အခြာအာဏာ ကင်းမဲ့ခြင်းဆီ ဦးတည်သွားနိုင်ပါတယ်။ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာတရားခေါင်းပါးမှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရိ်တရားခေါင်းပါးမှုတို့ကြောင့် အကြမ်းဖက်မှုတွေဖြစ်ရတယ်။ လူလူချင်းလိမ်ညာကောက်ကျစ်ပြီး မတရားမှုတွေကြီးစိုးတဲ့ဝန်းကျင်မှာ ဘယ်နည်းနဲ့မှ တရားဥပဒေစိုးမိုးမှုမရှိနိုင်သလို တရားမဲ့ပြုကျင့်မှုတွေသာလျှင် ကြီးစိုးနေမှာဖြစ်**

ဟိုပုံးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ် ကျောက္ကချား ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေး ကုသရေးအဖွဲ့က အဆိုပါကျေးရွာ ရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး သည်။



စီစဉ်ဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံ ပြည်သူ ၄၀၃ ဦးတို့အား ခွဲစိတ် ကုသမှုဆိုင်ရာရောဂါ၊ အရိုး/ အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက် ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက် ရောက်ကုသနိုင်ရေး စီစဉ်ဆောင် ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ် နှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး ကျေးရွာ အတွင်းရှိ ဘုန်းတော်ကြီးကျောင်း များသို့သွားရောက်၍ ကျောင်းထိုင် ဆရာတော်များအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နမ်းဟုတ်ဘုန်းတော်ကြီးကျောင်း အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းပြခန်းကို လှည့်လည် ကြည့်ရှုသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ် ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာမဖွီ ကာရာမတိုက် မိတ္ထီလာကျောင်းရှိ သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံ ပြည်သူ ၁၃၀ တို့အား သွေးတိုး ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ ကလေး ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင် ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါ ရှာဖွေစစ်ဆေးပေးခြင်း၊ ကျန်းမာ ရေးဆိုင်ရာအသိပညာပေး ဟော ပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

သရက်မြို့၌ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်

သရက် ဒီဇင်ဘာ ၂၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ မကွေးတိုင်း



ဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှု ဖြင့် သရက်မြို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် ပင်စင်စား(အငြိမ်းစား) ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးဆောင်ရွက်ပေးခြင်းကို သရက် ခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင် ဦးဆောင် သော အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့တွင် အုတ်ဖိုတိုက်ကျောင်း မြတ်ပါရမီပရဟိတ (အခမဲ့)ဆေးခန်းနှင့် လူမှု ကူညီရေးအသင်းရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သံဃာတော် ၄၂ ပါး၊ သာသနာ့ နွယ်ဝင်သီလရှင် ၁၁ ပါး၊အသက် ၈၅ နှစ်အထက် အဘိုးအဘွားငါးဦး နှင့် ပင်စင်စား (အငြိမ်းစား) ဝန်ထမ်း ၇၇ ဦးတို့အား ကုသပေးခဲ့ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ကျန်းမာရေးအသိပညာ ပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

တို့လွတ်လပ်ရေးမွေးပျို့ထုံ

❑ ကောက်ကျစ်စဉ်းလဲ
သွေးခွဲသပ်လျှို၊ ကျွမ်းရိပ်ခိုကာ
ရန်လိုစုဖွဲ့၊ နယ်လာချဲ့၍
ပွန်းပဲ့ခဲ့ရှိုး၊ မြန်လူမျိုးတို့
ခေတ်ဆိုးလှုပ်ခတ် ၊ အနေကျပ်လျက်
တို့လွတ်လပ်ရေး ဆုံးဖူးပြီ။
အတိတ်မျှော်ကြည့်သိနိုင်သည်။

❑ တို့လွတ်လပ်ရေး
အေးဆေးတည်ငြိမ် ၊ မြတ်စံအိမ်ဟု
ချီးမြှိန်နှုတ်ဖျား၊ ဆိုစကားနှင့်
လေးစားမှုဆောင်၊ ပြည်ထောင်ငြိမ်းအေး
ပြန်ပေးခဲ့ရှိုးမဟုတ်ပါ
သိထားကြစမ်းသေအချာ။

❑ ချွေးနဲ့သွေးနဲ့
ရင်းခဲ့အသက်၊ သွက်ခဲ့အလျင်
နှင်ခဲ့သတိ၊ ပြည့်ခဲ့ဆန္ဒ
မြန်မာ့တန်ခိုး၊ မမှိန်ရှိုးပါ
ခေတ်ဆိုးဘောင်ခင်း၊ ကျွန်ဇာတ်ခင်းသော်
ခံပြင်းအမှန်၊ တော်လှန်တိုက်ထုတ်
ကျားကုတ်ကျားခဲ၊ ဆင်နွှဲရာမှ
တို့လွတ်လပ်ရေးပြန်ကာရ
အသည်းစွဲအောင်မှတ်ထားကြ။

❑ ခုချိန်ခါဝယ်
ညီညာဖြဖြ၊ ပြည်ရွာလှအောင်
ပြကြစွမ်းရည်၊ ကိုယ်စီဝန်ထမ်း
နှတ်နှန်းပြည်လား၊ ပုံဖော်သွားစို့
သုံးပါးအရေး၊ အလေးထားစို့
ဤသို့မြဲညွှန်၊ စိတ်ထားမွန်နှင့်
ထူးချွန်ကောင်းမြတ်၊ စီမံတတ်နှင့်
တို့လွတ်လပ်ရေး ပန်းဝတ်မှုန်
ကမ္ဘာတည်တိုင် မွှေးပျို့ထုံ။ ။

ဖိုလေးလုံးသောင်းကိုကို

❖ စာမျက်နှာ ၁၆ မှ

နိုင်ငံအကြီးအကဲ၏ မှာကြားချက်များကို ထင်ဟပ်၍

ဒီနေရာမှာ နိုင်ငံသားတွေရဲ့စွမ်းပကားယိမ်းယိုင်မှုကို အနည်းငယ် တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အပြန်အလှန် ဆက်စပ်နေတဲ့အတွက် ငြိမ်းချမ်းမှုမရှိ၊ တည်ငြိမ်မှု ပျက်ပြားခြင်းဟာ စနစ်တကျလုပ်ကိုင်ဆောင်ရွက် နိုင်စွမ်းမှာ အားနည်းချက်တွေကို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကိုပါ ထိခိုက်စေတယ်ဆိုတဲ့ အချက်ကို မျက်ခြည်ပြတ်လို့မရပါဘူး။ နိုင်ငံသား တွေရဲ့ အရည်အသွေးကို ဆုတ်ယုတ်စေတယ်ဆိုရာ မှာ ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်း ဆောင်ရွက်မှု၊ ထင်သာမြင်သာရှိမှု၊ အဂတိတရား စတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်မှာ အားနည်း ချက်တွေရှိလာတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို ထိခိုက်လာနိုင်တဲ့ အခုလို အကြောင်းတရားတွေကို နောက်ဆုံးပြုလုပ် ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး တစ်ခုမှာ နိုင်ငံအကြီးအကဲရဲ့ ထောက်ပြချက်တွေနဲ့ ထင်ဟပ်ပြီး သုံးသပ်ကြည့်နိုင်ပါတယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်၊ ရှေ့လုပ်ငန်း စဉ်တွေ၊ ဦးတည်ချက်တွေ ချမှတ်ထားရာမှာ လုပ်ငန်းတွေ အောင်မြင်မှု ရှိ၊ မရှိ ပြန်လည် သုံးသပ်ပြီး တာဝန်ပေးမှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်တာ အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ မှာကြားချက်ကို တွေ့ရပါ တယ်။

ဒီအစည်းအဝေးမှာ အားသာချက်တွေသာမက အားနည်းချက်တွေကိုပါ ထောက်ပြသွားတာကို သတိထားမိပါတယ်။ အဓိကအချက်က စီးပွားရေး အပိုင်းပါ။ ရရှိတဲ့အချိန်အကန့်အသတ်အတွင်းမှာ ကိုဗစ်- ၁၉၊ နိုင်ငံရေးအကျပ်အတည်းနဲ့ ထပ်ဆင့် လက်နက်ကိုင်ပဋိပက္ခတွေဟာ ရှိခဲ့ ရှိဆဲ အကြောင်း တရားတွေဖြစ်ပါတယ်။ သို့ပေမယ့် လက်ရှိစီးပွားရေး တိုးတက်မှု အားနည်းနေတဲ့အပိုင်းမှာ ကိန်းဂဏန်း အချက်အလက်တွေမှန်ကန်ဖို့၊ စီမံကိန်းရေးဆွဲရာမှာ မမှားဖို့၊ လက်တွေ့ကျပြီး ပြည်သူကို အမှန်တကယ် အကျိုးပြုတဲ့အသေးစိတ်စီမံကိန်းတွေဖြစ်ဖို့၊ မြေပြင် အခြေအနေမှန်ကို လေ့လာသုံးသပ်ပြီးမှ နိုင်ငံ့ ဘဏ္ဍာငွေကို ထိထိရောက်ရောက်သုံးစွဲဖို့ ထောက်ပြ ခဲ့ခြင်းတွေဟာ မြေပြင်မှာ တကယ့်လက်တွေ့ ဆောင်ရွက်နေရသူတွေအတွက် အကျိုးရှိစေတဲ့ မှာကြားချက်တွေ ဖြစ်ပါတယ်။

အားနည်းချက်၊ အားသာချက်ကို သုံးသပ်နိုင်ဖို့ အခြေခံကိန်းဂဏန်းက အရေးကြီးသလို ဥပမာပေး ထောက်ပြခဲ့တဲ့ အချို့သောအရေးကြီးကုန်စည် တွေရဲ့ ပြည်တွင်းပို့လှုံမှုနဲ့ ပြည်ပတင်ပို့မှု စာရင်း ကွာခြားချက်မျိုးတွေကြောင့် မူလချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ ဝေးသွားစေနိုင်ကြောင်းကို သုံးသပ်ကြည့်နိုင်ပါတယ်။ ဒါ့အပြင် လက်ရှိ စားသောက်ကုန်ဈေးနှုန်းတွေ ကြီးမြင့်နေတဲ့ ကိစ္စ ကိုပါ ထောက်ပြခဲ့ပြီး ပြည်သူလူထုသက်သာအောင် ကြိုးစားဆောင်ရွက်ပေးဖို့နဲ့ အဓိကအချက်က ကုန်ထုတ်လုပ်မှုတိုးမြှင့်ဖို့ လိုအပ်တဲ့အချက်တွေကို မှာကြားခဲ့တာ တွေ့ရပါတယ်။

ပြည်သူ့လူမှုစီးပွားဘဝတွေ တိုးတက်ဖို့အရေး မှာ အရေးပါတဲ့ လူသားအရင်းအမြစ် အမြောက် အမြား ဆုံးရှုံးနေတဲ့ကိစ္စအပြင် လုပ်ပြီးတဲ့ လုပ်ငန်း တစ်ခုကို အစဉ်မပြတ်တိုးတက်မှုရှိနေဖို့ မှာကြားမှု တွေကိုလည်း သတိထားမိပါတယ်။ မှာကြားချက် တွေဟာ အခြေအနေ၊ အချိန်အခါနဲ့အညီ သင့်လျော် မှန်ကန်တဲ့အချက်တွေဖြစ်နေပါတယ်။ လွတ်လပ်ရေး ဆုံးရှုံးရခြင်း အကြောင်းတရားတွေအနက် တစ်ခုဖြစ်စေနိုင်တဲ့ စီးပွားရေးကဏ္ဍအတွက် ပြုပြင် ပြင်ဆင်ရမယ့် လိုအပ်ချက်တွေပါပဲ။

ပူးပေါင်းဆောင်ရွက်မှုတိုင်း၊ အဖွဲ့အစည်းကို ဦးဆောင်မှုပြုတိုင်းမှာ မိမိအဖွဲ့ရဲ့ အားနည်းချက်၊ အားသာချက်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်သုံးသပ် ပြခြင်းဟာ တိုးတက်မှုအတွက် ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ခုပါ။ လုပ်ငန်းအောင်မြင်ချင်ရင် တိုးတက်မှုကို ဆန်းစစ်နေရမယ်၊ အကဲဖြတ်နေရ ပါမယ်။ အခုလို လမ်းညွှန်ချက်တွေအပေါ် အခြေခံပြီး ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုကြီးပြိုကွဲ စေမယ့် အကြောင်းတရားတွေ၊ စည်းလုံးညီညွတ်မှု ကို လွှမ်းမိုးနေတဲ့လက္ခဏာတွေ၊ အချုပ်အခြာ အာဏာဆုံးရှုံးစေမယ့် အမှတ်အသားတွေကို အစဉ် လေ့လာဆန်းစစ်သုံးသပ်နေရမှာဖြစ်ပါတယ်။

အခုလို ခက်ခဲတဲ့ကာလတစ်ခု၊ အခြေအနေ တစ်ခုကို အားလုံးဖြတ်သန်းနေရချိန်မှာ အကြောင်း တွေ ပေါင်းစုံညီညွတ်လို့ဖြစ်လာတဲ့ အကျိုးတရား တွေအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်လေ့လာရင်း အမှားကိုပြင်၊ အမှန်ကိုဆောင်ရွက်၊ အခွင့်အလမ်းမှန် သမျှ ဆုပ်ကိုင်နိုင်ရမှာလည်း ဖြစ်ပါတယ်။ ဒါမှသာ အမြော်အမြင်ရှိရှိ၊ ပညာဉာဏ်ရှိရှိ ဆုံးဖြတ်လုပ်ကိုင် နိုင်မှာဖြစ်ပြီး နိုင်ငံနဲ့အချုပ်အခြာကို ကာကွယ်စောင့် ရှောက်ရာလည်း ရောက်မှာဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။ ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

မြစ်ကြီးနား ဒီဇင်ဘာ ၂၈

ကချင်ပြည်နယ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက ပြည်သူ့အားကစားကွင်းရှေ့စုရုပ်မှ မြို့တွင်းလမ်းများအတိုင်း မနောကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ပြီး မနောကွင်းအတွင်း လေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်ခဲ့ကြပြီး ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်း ဝန်ထမ်းများ၊ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသားသင်တန်းသူများ၊ အခြေခံပညာ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ လမ်းလျှောက်ပွဲ ပါဝင်သူများသည် မနောကွင်းအတွင်းမှတစ်ဆင့် မနောကွင်းအရှေ့ဘက်ရှိ ဧရာဝတီမြစ်ဆိပ်၌ ပြည်နယ်အစီအစဉ်ဖြင့် အများပြည်သူ အပန်းဖြေနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီရှုခင်းသာအပန်းဖြေ စခန်းသို့ သွားရောက်ခဲ့ကြပြီး ဧရာဝတီမြစ်ကမ်းဘေးအပန်းဖြေစခန်းအတွင်း ကျောက်လုံးရင်ပြင်နှင့် အပန်းဖြေတဲများ၊ ပန်းခင်းများ၊ ဝါးတံတားများဖြင့် သာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကာ လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများအတွက် အိမ်သုံးပစ္စည်းများကို ကံစမ်းမဲဖောက်၍ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

မုံရွာ ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့အရှေ့ကန်သာယာကန်ရှိ ပြည်ထောင်စု ရင်ပြင်တွင် ကျင်းပရာ လူထုစုပေါင်းလမ်းလျှောက်ပွဲ သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများပါဝင်ဆင်နွှဲသည်။

စုပေါင်းလမ်းလျှောက်ရာတွင် မုံရွာမြို့ အရှေ့ဘက်ကန်သာယာရှိ ပြည်ထောင်စုရင်ပြင်မှ အနောက်ဘက်ကန်သာယာကန်ပတ်လမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အရှေ့ဘက်ကန်သာယာရှိ ပြည်ထောင်စုရင်ပြင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြကာ အဆိုပါ ရင်ပြင်၌ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၏ ကိုယ်ကာယလေ့ကျင့်ခန်း အမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)သရုပ်ပြသမှုနှင့် Physical Fitness Dance တေးသီချင်းများဖြင့် သွေးပူလေ့ကျင့်ခန်းအား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများအား လူမှုရေးရာဝန်ကြီးဌာနက ဧည့်ခံကျွေးမွေးသည့် နံနက်စာများအား တပျော်တပါး စားသုံးနေမှုများနှင့် ကံစမ်းမဲများဖွင့်ဖောက်ပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးကာ ဆုမဲပေါက်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

မကွေး ဒီဇင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မကွေးမြို့ကန်သာမင်္ဂလာကန်တော်ရှေ့၌ ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်/ဒီဂရီ ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ကန်သာမင်္ဂလာကန်တော်အတွင်း/အပြင် လျှောက်လမ်းကို နှစ်ပတ်ပတ်၍ စုပေါင်းလမ်းလျှောက်ကြကာ ကန်သာမင်္ဂလာကန်တော်ရှေ့တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်အတွဲ (၁)နှင့်(၂)တို့ကို စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စုပေါင်းလမ်းလျှောက်သူများအား စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ဖြန့်ဝေပေးခဲ့ပြီး၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**



ကျုံပျော်မြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်

ကျုံပျော် ဒီဇင်ဘာ ၂၈

ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ယနေ့ နံနက် ၅ နာရီခွဲက ပြုလုပ်သည်။

စုပေါင်းပြုလုပ်

ထိုသို့ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်း ၇၀၀ ခန့်က ဗိုလ်ချုပ်လမ်း တစ်လျှောက်စုပေါင်းလမ်းလျှောက်ကြကာ မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကင်းမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်

ရန်ကင်း ဒီဇင်ဘာ ၂၈

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းပညာရေး ဒီဂရီကောလိပ်ရှေ့၌ စုရုပ်နေရာယူပြီး ရန်ကင်းကံဘဲလမ်းမကြီးမှ သုခဝတီလမ်းမရှိ ငြိမ်းဝေးလမ်းအတိုင်း လျှောက်ကာ ရန်ကင်းပညာရေး ဒီဂရီကောလိပ် ကျောင်းဝင်း၌ ကိုယ်လက် လေ့ကျင့်ခန်းအတွဲ(၁) အမှတ်(၂)လေ့ကျင့် ခန်းများ ပြုလုပ်ကြသည်။



ဒီဇင်ဘာ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် သဃ်န်းကျန်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး သက်တင် အောင်၊ ရန်ကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ရန်ကင်းပညာရေး ဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၅၂၀ ခန့် ပါဝင်လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီး၌ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



ထားဝယ် ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယမန်နေ့နံနက် ၆ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တာလွတ်၍ ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိအားကစားကွင်းအတွင်း ဝိုင်းပတ်၍ တစ်မိုင်ခွဲ စုပေါင်းလမ်းလျှောက်ခဲ့ကြကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ (၁)ကို စုပေါင်း၍ ပြုလုပ်ခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားအားကစား Fitness Dance အား တပျော်တပါး ဆင်နွှဲကြသည်။

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၆၄၀ ပါဝင်ဆင်နွှဲခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



စစ်တွေ ဒီဇင်ဘာ ၂၈

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှ စစ်တွေမြို့ ဧည၀တီအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပသည်။

စုပေါင်း လမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက စတင်ဖွင့်လှစ်ပေးပြီး ပါဝင်ဆင်နွှဲကြသည်။

ရခိုင်ပြည်နယ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့စုရပ်မှ စတင်ကာ မေယုလမ်းတစ်လျှောက် ထို့မှ တစ်ဆင့် သတ္တဌာနလမ်းမှ ဧည၀တီအားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်း ပွဲကြည့်စင်ရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်များကို ပြုလုပ်ခဲ့ကြသည်။

ယနေ့ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၅၀၀ ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီတို့က ရခိုင်ပြည်နယ်ရှိ ဝန်ထမ်းများအတွက် ပေးအပ်ချီးမြှင့်သည့် အခြေခံစားကုန်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဝန်ထမ်းများအား ဆန်၊ ဆီ၊ ပဲနှင့် ဆားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက အခြေခံစားကုန်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ဝန်ထမ်းများအတွက် အခြေခံစားကုန်များ ချီးမြှင့်ပေးအပ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သည့် ဆန်အိတ် ၁၀၀၊ ပဲ ပိသာ၁၀၀၀၊ ဆားပိသာ ၁၀၀၊ ဆီပိသာ ၂၅၀ နှင့် စည်သွတ်ဘူး ၅၀၀ တို့ဖြစ်ပြီး သူရိယစန္ဒာဝင်းကုမ္ပဏီက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ခန့်တန်ဖိုးရှိ ကြက်သား စည်သွတ်ဘူး ၂၆၄၀၊ ကြက်သွန်နီပိသာ ၂၂၅၀၊ ကြက်သွန်ဖြူ ၃၁၈ပိသာ၊ ငရုတ်သီးခြောက် ပိသာ ၄၀၀၊ မာမားခေါက်ဆွဲ အထုပ် ၁၈၀၀၀၊ ကြာဆံ ၁၀၉ အိတ်နှင့် ရွှေကျီးကိတ်ခြောက် ၂၀၀၈ ထုပ်တို့ကို ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းဆင့်သင် ဆရာ ဆရာမများအား အရည်အသွေးမြှင့်သင်တန်းပို့ချ

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမ များအတွက် အခြေခံပညာအထက်တန်းဆင့် Grade- 12 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာနှင့် ဘောဂဗေဒဘာသာရပ်များအတွက် အထက (၆) နေပြည်တော်တွင်လည်းကောင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်၊ သမိုင်းနှင့် ဇီဝဗေဒဘာသာရပ်များအတွက် အထက (၅) နေပြည်တော်တွင်လည်းကောင်း ကျင်းပရာ Naypyitaw State Academy မှ သင်တန်းနည်းပြဆရာ ဆရာမ ၅၈ ဦးက သင်ကြားပို့ချပေးပြီး သင်တန်းသို့အထက်တန်းဆင့်သင် ဆရာ ဆရာမ ၁၄၈၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်းနှင့် ယခုဖွင့်လှစ်သည့်သင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှစတင်ကာ လေးရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရူပ (နေပြည်တော်)





လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဈေးရောင်းပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ ရန်ကုန်မြို့ လမ်းမတော်ပွဲဈေး ဒုတိယမြောက်နေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်စိုးမိုး(မဂ်္ဂလာတောင်ညွန့်)

★ MFF မှ

ပွဲစဉ် (၁) ပထမနေ့ နံနက်ပိုင်းပွဲစဉ်များတွင် ရွှိုင်ရယ်ရန်ကုန်အသင်းက The Honour အသင်းကို ခုနစ်ဂိုးပြတ်၊ Yangon Focus အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ညနေပိုင်းပွဲစဉ်များတွင် ရွှေပြည်သာအသင်းက Southern Yangon Star အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Burmese Youth အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်) တွင် အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ရွှိုင်ရယ်ရန်ကုန်အသင်း၊ မင်္ဂလာဒုံစီးတီးအသင်း၊ ရွှေပြည်သာအသင်း၊ Burmese Youth အသင်း၊ Mar Rein အသင်း၊ Golden Light အသင်း၊ The Honour အသင်း၊ Yangon Focus အသင်း၊ Southern Yangon Star အသင်း၊ ရန်ကုန်တောင်ဇလပ်အသင်း၊ အာသာဝတီအသင်းနှင့် မြသီတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၉ ရက် (ယနေ့) ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Mar Rein အသင်းနှင့် အာသာဝတီအသင်း၊ Golden Light အသင်းနှင့် မြသီတာအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF

✻ ကျောဖုံးမှ

အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့လို့ ဂိုးပြတ်နိုင်ပွဲရရှိမယ့် အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။ နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ အစ်ဆွစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၁၈) ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၆ မှတ် ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းနဲ့ ခြောက်မှတ် အကွာ အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြေယ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ဝတ္ထုတို

မောင်လွှား(ဝမ်းတွင်း)

(၁)

နှစ်တိုင်းလိုလို နွေရာသီရောက်တိုင်း စိတ်ထဲတွင် တစ်ခုခုကို လွမ်းသလိုလို၊ ဆွေးသလိုလို ခံစားခဲ့ဖူးသည်။ ဒီနှစ် နွေရာသီအရောက်မှာတော့ ဘဝမှာ ဘယ်အပျော်နဲ့မှမတူသော ပျော်ရွှင်မှုမျိုးကို ခံစားနေမိသည်။ နေရဲ့အပူချိန်ကြောင့် ခြောက်သွေ့ပြီး တစ်ချက်တစ်ချက်ဝှေ့၍ တိုက်ခတ်လာသောလေကြောင့် ကြွေကျလာသော သစ်ရွက်ဟောင်းများကို ကြည့်လေမြင်လေတိုင်းမှာ လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် အမည်ဖော်မရသော ခံစားချက်က ရင်ထဲကို အလိုလိုဝင်ရောက်လာသည်။ နွေရာသီ၏ ပူအိုက်ခြင်းကို မုန်းမိသော်လည်း လေဝှေ့တိုင်း ကြွေကျလာသော သစ်ရွက်များနှင့်အတူ ရိုးတံပြိုင်းပြိုင်း စိန်ပန်းပင်ကြီးများက နွေ၏ သရုပ်ကို ဖော်ဆောင်နေသော ပန်းချီကားပမာ မြင်ရသူတိုင်းအတွက် လွမ်းမောဖွယ်ကောင်းလှသည်။ သို့သော် တက်သစ်စကျောင်းဆရာပေါက်စလေး ကျွန်တော့်အဖို့ ထိုရိုးတံပြိုင်းပြိုင်း စိန်ပန်းပင်ကြီးများတွင် ရဲရဲနီနေသော စိန်ပန်းပွင့်လေးများကို မြင်ချင်နေမိသည်။ စိန်ပန်းပွင့်ချိန် ကျောင်းဖွင့်ချိန် ဟူသည့်အတိုင်း ကျောင်းတွေလည်း ဖွင့်စေချင်ပြီ။ အဘယ်ကြောင့်ဆိုသော်တက်သစ်စကျောင်းဆရာလေး ကျွန်တော့်အတွက် ဘယ်မြို့ဘယ်ရွာကို တာဝန်ကျသည်ဟူသော အော်ဒါလေးကို သိချင်နေသောကြောင့် ဖြစ်သည်။ သို့သော် ကျောင်းများသာ ဖွင့်လာသည်။ အော်ဒါကျဖို့ စောင့်ရပေဦးမည်။

“ငါ့သား ရွာကျောင်းက ကျောင်းအုပ်ဆရာကြီးက ဖုန်းဆက်တယ်နော်။ ငါ့သား တို့ တာဝန်ကျတဲ့ အော်ဒါတွေ ရုံးကို သွားထုတ်လို့ရပြီတဲ့”

လယ်တောက ပြန်ရောက်ရောက်ချင်း အမေ့၏ ပြောစကားကြောင့် ကျွန်တော် ဝမ်းသာအားရဖြစ်ကာ ချက်ချင်းဆိုသလို ဆိုင်ကယ်မောင်း၍ မြို့နယ်ပညာရေးမှူးရုံးသို့ ထွက်လာခဲ့လိုက်သည်။ မြို့နယ်ရုံးကနေ အိမ်ပြန်ရောက်ရောက်ချင်း ကျွန်တော်ပြန်အလာကို စောင့်နေကြသော အဖေနှင့် အမေက ဆီးကြို၍ မေးလေသည်။

“ငါ့သား ဘယ်ရွာကို ကျတာတုန်း”

အဖေ့ရဲ့ အမေး ကျွန်တော်ဘာမှ ခွန်းတုံ့မပြန်ဘဲ ပြုံးပြ၍ အော်ဒါစာရွက်ကိုသာ လှမ်းပေးလိုက်သည်။

“ဟယ်”

အော်ဒါစာရွက်ကို ကိုင်ဖတ်ရင်း အမေ့ဆီမှ ထွက်ပေါ်လာသော အာမေဠိတ်အသံဖြစ်သည်။

“ဟယ် ငါ့သား အဝေးကြီးကျတာ။ အဲဒီမြို့က မန္တလေးမြို့ မြောက်ဘက်မှာ။ ရွာနာမည်မှာတောင် ကျွန်းပါနေမှတော့ ငါ့သားကျတဲ့ရွာက မြစ်ထဲကရွာနေမှာ”

အမေပြောရင်း မျက်လုံးထဲတွင် ဝေ့သီနေသော မျက်ရည်များကို မသိမသာလက်ဖြင့်ပင့်၍ သုတ်လိုက်သည်။

“ဟုတ်တယ် အမေ။ အမေပြောတာမှန်တယ်။ သားလည်း တစ်ခါတည်းစုံစမ်းလာတယ်။ ဒီကနေ မန္တလေး ဂေါဝန်ဆိပ်အထိ ကားနဲ့သွားရမှာအမေ။ ဂေါဝန်ဆိပ်ကနေ မော်တော်နဲ့ သွားရမှာတဲ့”

ကျွန်တော်ပြောလိုက်တော့ အမေက စီးကျလာသောမျက်ရည်များကို သိသာစွာ



လက်ဖြင့် သုတ်လိုက်သည်။

“စိတ်မကောင်းမဖြစ်ပါနဲ့ အမေရယ်။ သားနဲ့အတူ တစ်ခရီးတည်းသွားရမယ့် သူငယ်ချင်းတွေလည်း ပါပါတယ်။ သားအဲဒီမှာ နှစ်နှစ်ပါပဲ။ ပြီးရင် ဒီဘက်ကို ပြန်ပြောင်းလာမှာပါ”

“အေးလေ မယ်မြကလည်း တို့သားက ကျောင်းဆရာပဲဖြစ်နေပြီ ဘာစိတ်မချစရာရှိလဲ”ဟု အဖေက ဝင်ပြောလေသည်။

“ဒါတော့ ဒါပေါ့တော်။ ဒါပေမဲ့ ကျုပ်က သားကို.....”ဟုဆိုကာ အမေဆက်မပြောနိုင်တော့ဘဲ ရှိုက်၍သာငိုနေသည်။

(၂)

နံနက် ၆ နာရီထိုးသည်နှင့် လိုအပ်သည့် စားနပ်ရိက္ခာနှင့် အသုံးအဆောင် ပစ္စည်းများယူကာ သူငယ်ချင်းများနှင့်အတူ တာဝန်ကျရာဌာနသို့ ခရီးနှင်ခဲ့ကြသည်။ တာဝန်ကျရာ မြို့နယ်ရုံးသို့သွား၍ လိုအပ်သည်များပြုလုပ်ကာ နံနက် ၁၁ နာရီထိုးမှ မန္တလေး ဂေါဝန်မော်တော်ဆိပ်သို့ ရောက်ကြသည်။ မော်တော်ဆိပ်သို့ ရောက်ရောက်ချင်း မိမိသွားမည့်ရွာနာမည်ကိုပြော၍ ဘယ်မော်တော်စီးရမည်ကို လိုက်စုံစမ်းရသည်။ ကျွန်တော်စီးရမည့် မော်တော်က နေ့ချင်းပြန်ပြေးဆွဲသည့် ကျော်စွာမော်တော်ဟု သိသည်နှင့် ယူဆောင်လာသည့်အဝတ်အစားသေတ္တာနှင့်အထုပ်များကို မော်တော်ပေါ်သို့တင်ပြီး နေရာယူထားလိုက်သည်။ မွန်းတည့် ၁၂ နာရီထိုးသည်နှင့် မော်တော်စထွက်လေသည်။ မော်တော်ဆိပ်ရှိ မထွက်ခွာသေးသော မော်တော်ပေါ်မှ သူငယ်ချင်းအချို့ကို လက်ပြနှုတ်ဆက်လိုက်သည်။ “တဒုန်းဒုန်း”မြည်ကာ ရေဆန်ကို ဆန်တက်နေသော ကျော်စွာမော်တော်ကြီးကြောင့် လှမ်းမြင်နေရသော မော်တော်ဆိပ်က တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ဧရာဝတီမြစ်ကြီး၏ ရေပြင်ကျယ်ကိုကြည့်ကာ ရေမကျွမ်းကျင်သော ကျွန်တော် စိုးထိတ်မှုနှင့်အတူ အဖေနှင့် အမေကိုပါ သတိရနေမိသည်။ ဒိုက်ပုံများနှင့်အတူ စုန်လာသော ဗေဒါပန်းလေးများကို အဖေနှင့် အမေကို ဘာမှစိတ်မပူဖို့ စိတ်ထဲကနေ စကားတွေပါးနေမိသည်။ ညနေ ၄ နာရီကျော်မှ ကျွန်တော် တာဝန်ကျရာ ရွာထိပ်ဆိပ်ကမ်းသို့ မော်တော်ဆိုက်ကပ်လေသည်။ မော်တော်ပေါ်မှ ဆင်းလိုက်သည်နှင့် လာကြိုကြသော ရပ်ရွာလူကြီးနှင့် ကျောင်းသား ကျောင်းသူများကိုမြင်တော့ ကျွန်တော် အလွန်ပင် အံ့သြဝမ်းသာမိသွားသည်။ ရပ်ရွာလူကြီးတစ်ယောက်က ကျွန်တော့်အား လှမ်းအော်မေးလေသည်။

“ကျွန်တော်တို့ရွာကို တာဝန်ကျတဲ့ ကျောင်းဆရာလေးလား ခင်ဗျ”

“ဟုတ်...ဟုတ်ပါတယ် ဦးလေး”

“ဟုတ်တယ်တဲ့ပေ့ာ ကလေးတို့ ဆရာလေးပစ္စည်းတွေ ကူသယ်ကြဟေ့” ဟု လူကြီးဖြစ်သူက ဆော်သြလိုက်သော အခါ ကျောင်းသား ကျောင်းသူများက ကျွန်တော်ပါလာသော သေတ္တာနှင့် အထုပ်အပိုးများကို မော်တော်ပေါ်တက်၍ အလုအယက် သယ်သူကသယ်၊ ကျွန်တော့်လက်ကို ဆွဲသူကဆွဲနှင့် စာသင်ကျောင်း ရှိရာသို့သွားကြလေသည်။ ကျောင်းရောက်သောအခါတွင်လည်း စားပွဲခုံအရှည်ကြီးနှင့်အပြည့် တည်ခင်းဧည့်ခံသော ထမင်း၊ ဟင်းများက စုံလင်လှသည်။ ထိုအရာများကိုကြည့်၍ ပညာရေးကို အလေးထားကာ ဆရာ ဆရာမများအား လေးစားသော သည်ရွာ၏ မေတ္တာတရားကြီးမားပုံကို မြင်မိသည်။ ကျွန်တော်လည်း ပညာရေးကို အလေးထားသော သည်ရွာကျောင်း၏ ကျောင်းသားကျောင်းသူများအား “လောက အလယ် ဝင့်ထည်စွာလှပစေဖို့ စည်းစနစ် ကျကျ အစွမ်းကုန် ပြုစုပျိုးထောင်မယ်”ဟု စိတ်ထဲကနေ ကြုံးဝါးလိုက်သည်။

(၃)

“ဆရာလေး စတုတ္ထတန်းကို အတန်းပိုင်ယူပြီး သင်လိုက်။ အရင်စတုတ္ထတန်းသင်နေတဲ့ ဆရာမကို ဒုတိယတန်းသင်ခိုင်းလိုက်မယ်။ ဆရာလေးလိုအပ်တာ ရှိရင်လည်း ကျွန်တော့်ကိုပြောနော်”

“ဟုတ်ကဲ့ပါ ဆရာကြီး”

ကျွန်တော် စတုတ္ထတန်းကို စဝင်ပြီး ကျောင်းသား ကျောင်းသူများနှင့် စတင်မိတ်ဆက်လိုက်သည်။ အတန်းရှိ ကျောင်းသားဦးရေနှင့် ကျောင်းတက်သူ စာရင်းကို တိုက်စစ်လိုက်သောအခါ နှစ်ယောက်ပျက်ကွက်လေသည်။ နေ့စဉ် ကျောင်းခေါ်ကြိမ်စာအုပ်ကို လှန်ကြည့်လိုက်သောအခါတွင်လည်း ကျောင်းဖွင့်ရက် ၁၈ ရက်အတွင်း ကျောင်းပျက်ကွက်သူများက များနေသည်။ ထို့ကြောင့် ကျွန်တော် စည်းကမ်းကိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

“ကဲ မင်းတို့ကျောင်းပျက်ရက်တွေကလည်း များလိုက်တာကွာ”

ကျွန်တော် ပြောလိုက်တော့ ကျောင်းသား ကျောင်းသူများအားလုံး စကားသံများတိတ်ကာ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်နေကြသည်။

“ကျောင်းမှန်မှန်တက် စာမခက်”တဲ့။ ကျောင်းပျက်များရင် စာတွေမလိုက်နိုင်ဖြစ်ပြီး ခက်ခဲကုန်မှာနော်။ စာတော်တဲ့သူဖြစ်ချင်ရင် ကျောင်းတက်မှန်ဖို့လည်း လိုတယ်။ ဆရာ စည်းကမ်းသတ်မှတ်လိုက်မယ်။ အားလုံးနားထောင်ကြ၊ ပြီးရင် ကျောင်းမလာတဲ့သူတွေကိုလည်း တစ်ဆင့်ပြန်ပြောလိုက်ကြ။ ကျောင်းလာရင် ကျောင်းတက်ချိန်အမီလာပါ။ နောက်ကျလို့ မရပါဘူး။ နောက်ကျရင်လည်း ဘာကြောင့် နောက်ကျတယ်ဆိုပြီး ခိုင်လုံတဲ့ အကြောင်းပြချက် ပေးရမယ်။ အကြောင်းပြချက် မပေးနိုင်ရင် အပြစ်ပေးခံရမယ်။ ကျောင်းပျက်မယ်ဆိုရင်လည်း ခွင့်စာရေးပြီး ခွင့်တိုင်ရမယ်။ ခွင့်မတိုင်ဘဲ ပျက်ကွက်ရင် ကျောင်းအုပ်ကြီးရုံးခန်းကို ပို့မယ်။ ပြီးရင် မိဘခေါ်ရမယ်နော်”

ကျွန်တော် စည်းကမ်းစကိုင်လိုက်သည့်နေ့မှစ၍ ကျောင်းပျက်သူများ မရှိတော့ပေ။ “ငါကွ”ဟု စိတ်ထဲက ကြုံးဝါးလိုက်သည်။ သို့သော် ကျောင်းတက်ချိန် နောက်ကျသူများက ရှိနေဆဲပင်။ ထိုကျောင်းတက်ချိန် နောက်ကျသူများကို ခုံပေါ်တက် မတ်တတ်ရပ်ခိုင်း၍ ဘာကြောင့် နောက်ကျကြောင်း ခိုင်လုံသော အကြောင်းပြချက်ပေးခိုင်းသည်။ မပေးနိုင်လျှင် နာရီဝက်ခန့် ခုံပေါ်တက် မတ်တတ်ရပ်ခိုင်းလိုက်သည်။ နောက်တစ်ခါ နောက်ကျလျှင် သည်ထက်ပိုဆိုးမည်ဟုပင် ထပ်၍သတိပေးလိုက်သည်။

အချိန် တွေကြာလာသည်နှင့်အမျှ အတော်ပင်အရာရောက်သည်ဟု ထင်ခဲ့သော ကျွန်တော်ကိုင်ခဲ့သော စည်းကမ်းများကို ပြန်၍ချိုးဖျက်လာကြသည်။ တချို့က ခွင့်တိုင်၍ ပျက်ကြသည်။ တချို့က ခွင့်မတိုင်ဘဲ ပျက်ကြသည်။ ထိုသူများထဲတွင် အဆိုးဆုံးက မောင်ထက်မြတ် ဖြစ်သည်။

“ဟေ့ ထက်မြတ်က မနက်တုန်းက ကျောင်းလာပြီး အခုနေ့လယ်ပိုင်းပျက်ပြန်ပြီ။ ဘာလဲ ထက်မြတ်က ချက်ချင်းကြီး နေမကောင်းဖြစ်သွားပြန်ပြီလား။ ပြီးခဲ့တဲ့အပတ်ကလည်း နှစ်ရက်ပျက်တယ်”

“မဟုတ်ပါဘူး ဆရာလေး၊ ဒီကောင် ကျွန်တော်တို့နဲ့အတူ မြစ်ဆိပ်မှာတောင် ရေလာချိုးသေးတယ် ဆရာလေး”

ကျောင်းသားတစ်ယောက်၏ ဖြေသံကိုကြားတော့ ကျွန်တော် ဒေါသထောင်းခနဲထွက်လာသည်။ စည်းကမ်းအတိုင်းလုပ်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

“အေး သူ့အိမ်နဲ့ ဘယ်သူနီးတုန်း။ နီးတဲ့သူပြောလိုက်။ မနက်ဖြန် မိဘခေါ်ပြီး ကျောင်းလာခဲ့ပါလို့ ပြောလိုက်ကြနော်”

ထိုသို့မှာလိုက်သော်လည်း အချိန်သာ တစ်ပတ်ကျော်ကြာသွားသည် ထက်မြတ်ရော သူ့မိဘပါ ကျောင်းသို့ရောက်မလာပေ။ ကျောင်းသို့ ရောက်ရှိလာသည့် သတင်းက ထက်မြတ် ကျောင်းထွက်သွားပြီဟူသော သတင်းပင်ဖြစ်သည်။ ထိုအကြောင်းကို ကျောင်းအုပ်ဆရာကြီးထံသို့ တင်ပြလိုက်သောအခါ ဆရာကြီးက “ဘယ်တက်နိုင်ပါ့မလဲ ဆရာလေးရယ်။ ညနေကျ ဆရာလေးနဲ့ ကျွန်တော် သူ့အိမ်ကိုသွားပြီး ကျောင်းမထွက်အောင်တော့ ပြောကြည့်ရမှာပေါ့”ဟု ပြောသော ကျောင်းအုပ်ဆရာကြီးကို ကျွန်တော် နားမလည်နိုင်ဖြစ်မိသည်။

(၄)

“မျိုး ဦးကျောက်ဖား၊ ဘာတွေလုပ်နေတာတုန်းဗျ”

“ဟာ ဆရာကြီးနဲ့ ဆရာလေးတို့ပါလား။ ဘယ်ကနေ မျက်စိလည်လမ်းမှားလာတာတုန်း။ လာဆရာကြီးတို့ထိုင်ကြဦး”

“မဟုတ်ပါဘူးဗျာ။ ဒီကိုပဲ လာခဲ့တာပါ။ ဒါနဲ့ အဲဒါက ဘာတင်မလို့ လုပ်နေတာတုန်း ဦးကျောက်ဖား”

“ဘာရယ်မဟုတ်ပါဘူး ဆရာကြီးရယ်။ ဟင်းစားအပင်လေး အပေါ်ကို တန်းတန်းမတ်မတ် တက်သွားဖို့ တုတ်စိုက်ပြီး တုတ်နဲ့အပင်နဲ့တွဲပြီး ကြိုးချည်နေတာ။ ဒီစင်ကလည်း အပင်ကြီးပြီး အပေါ်တက်သွားရင် ဒီစင်ပေါ်မှာပဲ အုံ့အုံ့ဆိုင်းဆိုင်း ပွင့်နိုင်သီးနိုင်အောင်လို့ လုပ်ပေးနေတာ ဆရာကြီး”

“ဟာ ဟုတ်သားပဲနော့။ ဒါနဲ့ ဦးကျောက်ဖား မောင်ထက်မြတ်ကို ကျောင်းထွက်ခိုင်းနေတာဆို။ ဘာဖြစ်လို့တုန်း”

“ဘာဖြစ်ရမှာလဲ ဆရာကြီးရယ်။ ဒီကောင်ပေါ့ ဟိုနေ့တွေက ကျောင်းပျက်ရက်တွေအတွက် ကျွန်တော်တို့က ခွင့်စာမရေးတတ်လို့ မတိုင်ဖြစ်တာပါလို့ ဆရာလေးကို ပြောပြလိုက်လို့ ဟိုတစ်ရက်က မှာလိုက်တာ မပြောရဲလို့ မပြောခဲ့ဘူးတဲ့လေ။ အဲဒီနေ့ကပါပဲ နေ့လယ်ပိုင်း ကျောင်းသွားခါနီးတော့ သူ့အမေက ဇက်ကြောတွေတက်နေလို့ နှိပ်ခိုင်းလိုက်တာ အဲဒါကျောင်းနောက်ကျသွားလို့ မသွားရဲတော့ဘူးဆိုပြီး မသွားဘူးလေ။ ကျွန်တော်လည်း ဒီလောက်မှ မပြောရဲ မဆိုရဲတဲ့ကောင် ထွက်ကွာဆိုပြီး ထွက်ခိုင်းလိုက်တာ”

ဦးလေးကျောက်ဖား၏ စကားများကို နားထောင်ရင်း ကျွန်တော်မှားသွားပြီဟု သိလိုက်ပါပြီ။ ကျောင်းသား ကျောင်းသူများ၏ ဘဝတွေကို ဘာတစ်ခုမှ မလေ့လာဘဲ စည်းကမ်းတွေ တင်းကျပ်ခဲ့သော ကျွန်တော်၊ စည်းကမ်း၏ ဘေးထွက် ဆိုးကျိုးများကို ထည့်မတွက်ခဲ့သော ကျွန်တော်၊ တပည့်များ၏ ကောင်းကျိုးကို အမုန်းခံဆောင်ရွက်နေသော ပြည်ချစ် ဆရာလေးဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသောကျွန်တော် အမှားကြီး မှားသွားပါပြီ။

“ဘယ်ဟုတ်မလဲဗျာ။ ဦးကျောက်ဖား ပြောသလိုပေါ့ အပင်တစ်ပင် တန်းတန်းမတ်မတ်နဲ့ အမြင့်ရောက်ဖို့ တုတ်တိုင်လေးစိုက်ပြီး အမှီလေးလုပ်ပေးသလို၊ အဲဒီအပင် အမြင့်မှာ ပွင့်နိုင်သီးနိုင်အောင် စင်လုပ်ပေးသလိုပေါ့၊ မောင်ထက်မြတ်လေးရဲ့ဘဝ အမြင့်ကိုရောက်ဖို့ ဆရာတွေ၊ မိဘတွေပူးပေါင်းပြီး တုတ်တိုင်ပမာ အမှီလေးလုပ်ပေးဖို့လိုသလို စင်ဆောက်ပေးကြရမှာမဟုတ်ဘူးလား ဦးကျောက်ဖားရဲ့။ မောင်ထက်မြတ်ကို နောက်နေ့ ကျောင်းပြန်လွှတ်လိုက်ပါဗျာ”

“ဟုတ်ကဲ့ပါ”ဟုဆိုကာ နားလည်သော အမူအရာဖြင့် ဖြည်းညင်းစွာ ခေါင်းညိတ်ပြနေသော ဦးကျောက်ဖားကို နှုတ်ဆက်၍ ကျောင်းသို့ပြန်လာခဲ့ကြသည်။ ကျောင်းသို့ အပြန်လမ်းတွင် တပည့်များအပေါ် စည်းကမ်းတင်းကျပ်ကာ စေတနာမာန်တက်ခဲ့သော ကျွန်တော် ကျောင်းအုပ်ဆရာကြီးကို ဝန်ခံပြောဆို၍ တောင်းပန်လိုက်သည်။ ထိုအခါ ဆရာကြီးက “စေတနာအမှားပဲ ဆရာလေးရယ်။ ရပါတယ်။ အမှားသိရင် အမှန်ကိုရှာပြီး ပြင်ရမှာပေါ့”

ဆရာကြီး၏ ဆုံးမစကားကို နားထောင်ကာ ကျွန်တော်၏ စေတနာမာန်များကို လွှတ်ချ၍ တပည့်များ၏ဘဝ ဖြောင့်တန်းသာယာစေဖို့ တုတ်တိုင်ပမာ ပြုစုပျိုးထောင်မည်ဟု ဆုံးဖြတ်ချက်ချကာ တွေးတောရင်း.....။ ။

ဆောင်းဦးနိဒါန်း

✯ ဆောင်းဟေမန် နိဒါန်းအစ
ဖွေးလွှလွှ နှင်းမှုန်တွေ။
တသုန်သုန် မြောက်လေမြူးတော့
ထူးကဲလှပေ။
✯ လေးကျွန်းအနှံ့ လွှမ်းခြုံနေ
ဟိုတောင်ခြေ အုံ့ကာမှိုင်း။
မြကမွလာ နှင်းထူထပ်လို့
ရပ်ရွာစွင်တိုင်း။
✯ ရဂုံမြို့ တုယှဉ်နှိုင်းပါပေါ့
ရစ်သိုင်းသည့် ပင်ယံပေါ်။
ဖြူဖွေးသွယ် သဇင်ပန်းတို့
နန်းစံကာပျော်။
✯ ဂမုန်းနှင့် ပြိုင်ဆိုင်ကျော်
ပန်းမြတ်မော် ရနံ့သင်း။
ခဝဲရွှေ သီဂီဆင့်လို့
ထူးတင့်လေခြင်း။
✯ တို့လယ်မြေ စပါးခင်း
မှည့်ဝင်းလို့ တွေ့ကာမြင်။
ထက်နဘံ ငှက်ကျေးတို့
တေးသံကရွှင် ။
✯ ကောက်ရိတ်ပွဲ နွဲသဘင်
ထင်ပေါ်လို့ ဆောင်းမှတ်တမ်း။
ပုလဲငွေ့ရည် လေအသိမ့်မို့
စိမ့်စိမ့်တုန်ချမ်း။ ။

ရင်ခတ်ပန်း (စွယ်တော်)

မြန်မာ့အသက်သွေး လွတ်လပ်ရေး

✤ ဂါထာလို မန်းမှုတ်
ရမ်းတုတ်လို့ မရပေ
ဘိုးဘွားတွေ အသက်သွေးနဲ့
ပေးခဲ့အမွေ။
✤ ထိန်းသိမ်းရမည့် တာဝန်တွေ
ကိုယ်စီမသွေ ထမ်းသယ်ပိုး
တို့ခေတ်မှာ မကွယ်ပျောက်အောင်
စောင့်ရှောက် အမျိုး။
✤ ပြည်ဖျက်မဲ့ မိစ္ဆာဆိုးတို့
သွေးထိုးလို့ အကောက်ကြံ
သတိနှင့်ယှဉ် အသိတရားနဲ့
ကြိုးစားတွန်းလှန်။
✤ သွေးချင်းတို့ လက်တွဲမှန်
စည်းလုံးရန်အရေးကြီး
ကိုယ့်အချင်းချင်း ပဏာမလှရင်
ပြာကျမဲ့ မီး။
✤ လွတ်လပ်ရေး ဒီခရီး
လက်တွဲမငြီး ထိန်းသိမ်းလာ
တို့မြန်မာရဲ့ အသက်သွေးကြောမို့
ချောမောစေပါ။
✤ ညီနှိုင်းဆွေးနွေး အဖြေရှာ
ပြည်မြန်မာ တည်တံ့ရေး
လွတ်လပ်ခြင်း အမွေအစစ်ကို
ထိန်းရစ်စို့လေး။ ။

မောင်စိုးငွေ (ကသစ်မြေ)

ဆောင်းပါး

မင်္ဂလာနှစ်သစ်ကူးဖြစ်ပါစေ

ထက်အောင်လူ(နံ့သာမြေ)

စက္ကန့်၊ မိနစ်၊ နာရီအချိန်များသည် လူကို မစောင့်ပါ။ သူ့အလုပ်သူလုပ်ရင်းနှင့် နေ့မှရက် ရက်မှနှစ် တစ်စတစ်စကုန်ဆုံးလျက် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပါမည်။ နှစ်ကုန်ချိန်တွင် နှစ်စမှနှစ်ဆုံး အတိတ်က ပြုခဲ့သောအရာများကို လွမ်းမောတမ်းတ၊ မေ့မရသောအခိုက်အတန့်နှင့် နာကျင်ဖွယ်နေ့ရက်များရှိကြပေသည်။ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရသည့်အရာများရှိသကဲ့သို့ အကျိုးအကြောင်း မညီညွတ်၍ မရှင်းရသေးသောအရာများ အခက်အခဲများရှိမှာ မုချပင်။ မည်သို့ပင်ဖြစ်စေ သဘာဝတရား အရ အချိန်တန်၍ နှစ်တစ်နှစ်ကုန်ဆုံးမည်။ ဘဝဆိုသည်မှာ အချို၊ အဖန်၊ အစိမ့်၊ အခါး တို့စုပေါင်းကာ အပူနှင့် အချိုးညီညီ ဖျော်စပ်ထားသော “ကော်ဖီတစ်ခွက်”ပမာပင်။ ထို့ကြောင့် ဘဝ၏ခါးသည်းမှုနှင့် ချိုမြိန်မှုရောစပ်ပါဝင်သော လောကဓံကို သွေး၊ ချွေး တို့နှင့် အချိုးညီညီဖျော်စပ်လိုက်ပါက လှပသော အဓိပ္ပာယ်ရှိသောဘဝတစ်ခုဖြစ်ပေမည်။

မကြာခင် ရက်ပေါင်းသုံးရာခြောက်ဆယ့်ငါးရက် ကုန်တော့မည်။ ထိုကာလအတွင်း မိမိအရည်အသွေး ဂုဏ်အဆင့်အတန်း မိမိကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ဘက်စုံတိုးတက်မှုရှိမရှိ ချင့်ချိန်ဝေဖန်ဖို့ လိုအပ်သည်မှာ အမှန်ပင်။ ကိုယ်လုပ်ခဲ့သောလုပ်ငန်း သမ္မာဇီဝကျခဲ့ပါ၏လော။ အဓမ္မလောဘနှင့် ပစ္စည်း ဥစ္စာရှာခဲ့ပါသလား။ ကိုယ့်အတွက်နှင့် မည်သူတစ်ဦး တစ်ယောက် ဒုက္ခရောက်စေခဲ့သလား။ အကြိမ်ကြိမ် မေးခွန်းများမေးလျက် အမှန်တိုင်းဝန်ခံကာ ကိုယ့်လိုအပ်ချက်များကို သုံးသပ်၍ သိကိုသိရပေမည်။ မိမိလုပ်ခဲ့သောအလုပ်များ မှန်ခဲ့ပါရဲ့လား၊ အမှားများပါနေပါသလား။ လောကီလောကုတ် သံသရာအတွက် ထည့်တွက်ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ သုံးသပ်ရပေလိမ့်မည်။ အမျိုးဘာသာ၊ သာသနာအတွက် တစ်ထောင့်တစ်နေရာ၊ တစ်ခန်းတစ်ကဏ္ဍ တစ်ခုခုက ပါခဲ့ခြင်း ရှိ၊ မရှိ၊ အမျိုးသားအကျိုးစီးပွား ဆောင်ရွက်နိုင်ခဲ့ပါ၏လောဟု ဝေဖန်ကြရမည်။ နှစ်ဟောင်းကအရာများသည် ပြီးခဲ့ပါပြီ။ အတိတ်ဖြစ်၍ ပြန်ပြင်၍မရနိုင်ပါသော်လည်း နှစ်သစ်မှာ အကောင်းဘက်ဦးတည်ပြီး စိတ္တ၊ ကာယ နှစ်သွယ် အကောင်းဘက်ရွယ်လျက် သွားကြရပါမည်။ အတွေးသစ်၊ အမြင်သစ်နှင့် နှစ်သစ်ကို ဆောင်ရွက်သင့်သော သန္နိဋ္ဌာန်များချမှတ်သွားပါမှ တော်ရာကြပေလိမ့်မည်။

ဥစ္စာပညာကျန်းမာလူမှုကောင်းမွန်ရေး

ဥစ္စာသည် လောက၏အဆင်တန်ဆာဖြစ်ပြီး စားဝတ်နေရေးအတွက် ဥစ္စာပြည့်စုံဖို့ အရေးကြီးလှ၍ ကြိုးစားကာရှာဖွေရပေမည်။ ပစ္စည်းဥစ္စာပေါများပါမှ ဂုဏ်တင့်တယ်ပြီး လူတန်းစေ့နေနိုင်စားနိုင်မည် ဖြစ်သည်။ ဥစ္စာပေါများကြွယ်ဝသူဖြစ်ရေးအတွက် ကြိုးကြိုးစားစား အလုပ်ကိုလုပ်ရမည်။ ဥစ္စာရှာခြင်းနှင့်အတူ အသိပညာ၊ အတတ်ပညာကိုလည်း ရှာဖွေစုဆောင်းခြင်း ပညာရည်ပြည့်ဝဖို့ စာပေများလေ့လာဖတ်မှတ်တုစုပြုလုပ်ကြရသည်။ ကိုယ့်လုပ်ငန်းနှင့် ပတ်သတ်သော သုတ၊ ပြင်ပအထွေထွေသုတများကိုလုံကြရမည်။ လူမှုဆက်ဆံရေးဘက်တွင်လည်း ပြေပြစ်ကောင်းမွန်ရမည်။ စီးပွားဖက်၊ မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းအဖော်နှင့် မိသားစုဝင်များအပေါ် နွေးထွေးကြင်နာ၊ စေတနာ၊ မေတ္တာများ အပြည့်ဝပေးကြရသည်။ ကျန်းမာမှုအပိုင်းတွင်လည်း ကျန်းမာ၍ အသက်ရှည်မှ လူ့ဘဝတန်ဖိုး လူဖြစ်ကျိုးနပ်ပေ၏။ လမ်းလျှောက်ခြင်း၊ အဖွဲ့စည်းများနှင့် ညီညွတ်စွာ အားကစားပြုလုပ်ခြင်းလည်း လိုအပ်ပါပေ၏။ ကျန်းမာရေးအတွက် အနေအထိုင်၊ အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှေးရှု၍ ရွေးချယ်ကျင့်သုံးရမည်။ အထက်ပါအရာအားလုံးကို ဟန်ချက်ညီညီ နေထိုင်ရှင်သန်ရင်း နှစ်သစ်မှာ ကောင်းမှုဘက်ရည်ရွယ်လျက် လျှောက်လှမ်းဖို့လိုအပ်သည်။

လောဘဒေါသနည်းပြီး ပရဟက်ဦးတည်

အတ္တနှင့်အရာရာကို အခြေခံပြုလုပ်မိလျှင် ထိုအတ္တ၏စေခိုင်းချက်ကြောင့် လောဘ၊ ဒေါသတို့က မိတ်ဖက် ပူးတွဲပါလာတတ်၏။ အလိုကြီးခြင်း၊ အမျက်ထွက်ခြင်းကြောင့် ဒုက္ခနှင့်ဇာတ်သိမ်းရသူတွေ ဒုနှင့်ဒေးပင်မဟုတ်လော။ သမ္မာဇီဝမဟုတ်ဘဲ ရယူလိုမှုတစ်ခုသာကြည့်လျှင် ထိုလူ၏ဘဝ၌ ဗြဟ္မစိုရ်တရားတို့ ဆိတ်သုဉ်းပြီး ငြိမ်းချမ်းကြောင်းမရှိနိုင်ပေ။ “မငြိမ်းချမ်းလေသမျှ စိမ်းလန်းဖို့မဖြစ်နိုင်”ဆိုသလို မငြိမ်းချမ်းလျှင် ဘဝသည် အဓိပ္ပာယ်အနှစ်သာရ ကင်းမဲ့ပေလိမ့်မည်။ လောဘ၊ ဒေါသနည်းနိုင်သမျှ နည်းပြီး ပရဟက်ဦးတည်လျှောက်လှမ်းကြရမည်။ ကိုယ်လျှောက်သော လမ်းဖြောင့်တန်းကာ သမိုင်းကောင်းများရေးထိုးလျက် ဘဝကို ဖြူဖွေးသောနှလုံးသား၊ သိမ်မွေ့သောအပြုံးများနှင့် တန်ဆာဆင်ပြီး တန်ဖိုးရှိသောနှစ်သစ်၊ တန်ဖိုးရှိသောနေ့ရက်များ ဖြစ်အောင် သန္နိဋ္ဌာန်ထားလျှောက်လှမ်းကြရပါမည်။

စာရိတ္တကောင်းနှင့်အောင်မြင်မှုယူပါ

အသက်မွေးမှုပညာ မည်မျှပင်ကျွမ်းကျင်နေပါစေ၊ အထွေထွေသုတ မည်မျှရှိသူဖြစ်ပါစေ စာရိတ္တ မကျိုင်မခိုင်လျှင် ရေရှည်မအောင်မြင်နိုင်ပါ။ ညစ်ညာဏ်၊ ကလိမ်ကျစ်ညာဏ်ဆိုသည်မှာ တစ်ခါ၊ နှစ်ခါ၊ သုံးခါ ရကောင်းရနိုင်သော်လည်း ထိုထက် မရှိနိုင်ဘဲ အမှန်တရားသည်သာ နောက်ဆုံးအောင်ပွဲဖြစ်၏။ ထို့ကြောင့် ကိုယ်ကျင့်သီလအပျက်မခံဘဲ လောကဓံကိုရင်ဆိုင်သောသတ္တိ မွေးမြူကြရမည်။ အောင်မြင်မှုသည် လက်တကမ်းမှာရှိသည်ဖြစ်၍ အောင်မြင်မှုကိုခူးဆွတ်လျက် အသီးအပွင့်တို့ကို ခံစားစံစားကြပေမည်။ မည်မျှခက်ခဲပါစေ အားမလျှော့ စိတ်ဓာတ်၊ ဇွဲလုံ့လမပြတ်ပါဘဲ နှစ်သစ်မှာ ရှေ့သို့ ချီတက်ကြရပေမည်။

“ပြောပြုတွေးလျှင် သတိယှဉ် ဆင်ခြင်ဉာဏ် ရှေ့သွား”ဆိုသကဲ့သို့ ပြောမှု၊ ဆိုမှု၊ တွေးမှုတို့ကို မလုပ်ခင်မှာ သင့်၊ မသင့် ဝေဖန်ပိုင်းခြားတတ်သော အလေ့အကျင့်ကောင်းတို့ မွေးမြူကြရပေမည်။ လူတိုင်းသည် စေတနာနှင့်ထိုက်တန်၍ ကိုယ့် စေတနာက ဘယ်မှမရောက်သည်မို့ စေတနာ၊ မေတ္တာကိုအခြေခံ၍ လှပသောအသိုက်အဝန်း၊ လှပသောမိသားစုဘဝလေးကို ကျန်းမာပျော်ရွှင်စွာ ဖန်တီးကြရမည်။ သူ့ကောင်းကျိုး ကိုယ်က လိုလားကာ၊ ကိုယ့်ကောင်းကျိုး သူကဖေးကူလျက် အပြန်အလှန်သစ္စာကမ္ဘာလေးကို ကျွန်တော်တို့ တည်ဆောက်ကြရမည်။ လောဘဒေါသတို့ကို နည်းနိုင်သမျှ နည်း၊ လျှော့ချနိုင်သမျှ လျှော့ချလျက် ဘဝ၏ လက်ကျန်နေ့ရက်တိုင်းကို အဓိပ္ပာယ်ပြည့်ဝသော၊ အနှစ်သာရရှိသော “အဖိုးတန်ပတ္တမြား” ပမာ ရည်မှန်းမျော်လျက် နှစ်သစ်မှာဆောင်ရွက်ကြရမည်။

မင်္ဂလာနှစ်သစ်ကူးဖြစ်ပါစေ

အတိတ်ကိုလည်း သင်ခန်းစာယူကာ နှစ်သစ်နှင့် အနာဂတ်တွက် ရည်မှန်းချက်ပန်းတိုင်ကို ဦးတည် လျှောက်လှမ်းကြရမည်။ စိတ်သစ်လူသစ်နှင့် နှစ်သစ်မှာ လုံ့လဇွဲမာန်သတ္တိအခြေခံပြုလျက် အားသစ်မွေး၍ အခက်ခဲများကို ရင်ဆိုင်ဖြေရှင်းကြရပေမည်။ တောက်ပသောအနာဂတ်၊ တောက်ပသော ရွှေရောင်အိမ်မက်များကို ဖန်တီးတည်ဆောက်ကြရမည်။ ကိုယ်ရည်ရွယ်ရာကို တိတိကျကျခရီးဆက်လျက် ကိုယ့်ပန်းတိုင် ကိုယ့်အိပ်မက်ကို အကောင်အထည်ဖော်ကြရမည်။ ကိုယ့်အရည်အချင်းကို မြင့်သည်ထက်မြင့်အောင် “မြင့်တင်ရေး” ဘဝကို စီမံခန့်ခွဲရပေမည်။ စီးပွားလူမှုပညာ အဘက်ဘက်က တိုးတက်လျက် တိုင်းပြည်နှင့်လူမျိုးအပေါ် ကောင်းကျိုးသယ်ပိုး စွမ်းဆောင်နိုင်သော အဖိုးတန်လူတစ်ယောက် ဖြစ်အောင် ကြိုးစားဖို့လို၏။ အသိဉာဏ်သုတ ပြည့်စုံပြီး ကျွမ်းကျင်သောအသက်မွေးမှုနှင့် မိမိဘဝကို ပျော်ရွှင်ကျန်းမာသောအသိုက်မြုံလေးကို ဖော်ဆောင်ရမည်။ ဘက်ပေါင်းစုံကို ဖြည့်ကျင့်ရင်း ကြီးမားသောစိတ္တဓွန်အားများနှင့်အတူ ခရစ်နှစ် ၂၀၂၅ ကို ကြိုဆိုလိုက်ကြပါစို့။ တစ်နှစ်ပြောင်းတိုင်း အနှစ်ပေါင်းသော “နံ့သာပင်”တို့ သဘောတရား နှင့်အညီ အဖိုးတန်လူသားဖြစ်အောင် ကြိုးစားကြပါစို့။ ။

နှစ်သစ်ဆုတောင်း

✯ တစ်နှစ်ကူးပြီမို့
နှစ်ဦးအစ မင်္ဂလာပါ၊
နှစ်သစ်မှာ ဘယာဝေးလို့
အေးချမ်းစေကာ၊
သတ္တဝါများ ကျန်းမာချမ်းသာ
စမ်းပမာ အေးစေကြောင်း၊
ပို့မေတ္တာ ရင်ဝယ်ထား
ပွားများဆုတောင်း။
✯ မိုးလေဝသတွေ အစဉ်ကောင်းလို့
အပင်အပေါင်း အသီးစုံကာ၊
တောတောင်ရေမြေ သဘာဝ
လှပသာယာ၊
ဆန်ရေစပါး ပေါလှုံကာ
ကြာမျိုးစုံစွာ ရေမှာတင့်၊
စမ်းရေတွေ မခန်းခြောက်ပဲ
(ပန်းမျိုးစုံတို့)
လှမ်းတစ်လျှောက်ပွင့်။
✯ ကျေးငှက်တွေ ပင်ယံအမြင့်
တေးသံလွင့် တွန်ကျူးစေ၊
ပန်းမျိုးစုံ ဖူးပွင့်လို့
ထူးတင့်လိုဝေ၊
ကပ်သုံးပါး ရန်ထွေထွေ
ငြိမ်းချမ်းပါစေ ဆုခွေတောင်း၊
နှစ်သစ်မှာ ပြုသမျှကုသိုလ်
ရကြစေကြောင်း။ ။

ပန်းမာလာ

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၅-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

ထိုအခါ၌ ရဟန်းတို့သည် ဘုရားရှင်ထံသို့ သုပ္ပဗုဒ္ဓ သေလွန်ကြောင်း လျှောက်ထားကြပါသည်။ ထို့အပြင် ရဟန်းတို့က ဘုရားရှင်အား “မြတ်စွာဘုရား သုပ္ပဗုဒ္ဓသည် ဘယ်ဘုံ၌ ဖြစ်ပါသနည်း။ အဘယ်ကြောင့် နူရပါသနည်း”ဟု လျှောက်ထားကြလေသည်။ ဘုရားရှင်က သုပ္ပဗုဒ္ဓ၏ဖြစ်စဉ်ကို ပြန်လည်မိန့်ကြားဖြေကြားသည်။ “ရဟန်းတို့ သုပ္ပဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ရှေးဘဝက သုပ္ပဗုဒ္ဓသည် ပစ္စေကဗုဒ္ဓတစ်ပါးအား တံထွေးဖြင့် မရိုမသေထွေး၍ ပြစ်မှားခဲ့သောကြောင့် ယင်းမကောင်းမှု“ကံ”ကြောင့် ကာလရှည်ကြာစွာ ငရဲ၌ခံရပြီးမှ ယင်းကံအကြွေးအကျန်ကြောင့် ယခုဘဝ၌ နူရပေသည်” ဟူ၍ မိန့်တော်မူသည်။

ဘုရားရှင်က ဆက်လက်၍ ရဟန်းတို့ သတ္တဝါတို့သည် မိမိတို့၏ပြင်းထန်သောဆိုးကျိုးကို ကြမ်းတမ်းသော အကုသိုလ်ကိုပြုလျက် သံသရာ၌လည်ပြီး ခံစားကုန်သည်။ အသိဉာဏ်ကင်းမဲ့သည့် လူမိုက်တို့သည် ဤပြင်းထန်သည့် ဆိုးကျိုးကိုပေးတတ်သောကံကိုပြုကြလျက် မိမိကိုပင် မိမိရန်သူကဲ့သို့ ဖြစ်၍ သံသရာ၌ ကျင်လည်ကြကုန်သည်ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ (၂၁) ဝါမှ (၄၄) ဝါ အထိ သီတင်းသုံးသည်

(ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်တွင် (၂၀) ဝါမြောက် ဝါဆိုပြီးသောအခါ သာဝတ္ထိပြည်၌ နှစ်ဆယ့်တစ်ဝါ (၂၁) မှ လေးဆယ့်လေးဝါအထိ (၄၄) ဝါတိုင်တိုင် ဝါကပ်သီတင်းသုံးတော်မူသည်။ ဝါကျွတ်သောအခါ ဘုရားရှင်သည် ချွတ်ထိုက်သော ပုဂ္ဂိုလ်များရှိရာ မြို့ရွာအသီးသီးသို့ ကြွရောက်ကာ တရားရေအေး တိုက်ကျွေးလေသည်။ ယင်းနှစ်များတွင် ဘုရားရှင်သည် သတ္တဝါတို့၏အကျိုးအတွက် အလုပ်အချိန်ရှိသမျှ လုပ်ဆောင်လေသည်။)

ကောသလမင်းကြီး၏ အသဒိသဒါန

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလေသည်။ ထိုအခါတွင် မင်းနှင့်တကွ ပြည်သူတို့သည် သင်္ခါတရားထက်သန်ကြည်ညိုသမှုဖြင့် ဘုရားအမှူးရှိသော သံဃာတော်များကို အချင်းချင်းအပြိုင်အဆိုင် တစ်လှည့်စီတိုး၍ ခြောက်ကြိမ်တိုင်တိုင် အလှူကြီးများကို ပေးလှူကြလေသည်။ ဤသို့လှူဒါန်းရာတွင် မင်းကြီးသည် ပြည်သူပြည်သားတို့ အလှူများကို မနှိုင်ဘဲရှိသောကြောင့် စိတ်ပျက်ကာ ငေးမှိုင်နေလေသည်။

ထိုအခါ မလွိကာမိဖုရားကြီးသည် မင်းကြီးအား စိတ်ပျက်မှုမရှိပါနှင့် ဤပြည်သူပြည်သားတို့၏ အလှူကို နိုင်အောင် အတုမရှိသော “အသဒိသဒါန” အလှူကြီးကို သူစီမံပေးမည်ဖြစ်ကြောင်း ပြောကြားလျှောက်ထားလေသည်။ အသဒိသ အလှူကြီးလှူပုံကိုစီရင်ပြီး လျှောက်ထားလေသည်။

“ကြီးကျယ်သော မဏ္ဍပ်ကို ဆောက်လုပ်ပါလော။ မင်းကြီး ထီးဖြူငါးရာကိုပြုပါလော။ ထီးဖြူအသီးသီးကို ဆင်ငါးရာတို့အား ကိုင်ဆောင်လျက် ရဟန်းငါးရာအသီးသီးပေါ်၌ ထီးကို ဆောင်းပေးပါ။ နီမြန်းသော ရွှေလှေရှစ်စင်း၊ ဆယ်စင်းတို့ကို လုပ်ဆောင်ပြီး မဏ္ဍပ်ကြီးအလယ်၌ထားပါ။ နှစ်ပါးနှစ်ပါးကုန်သော ရဟန်းတို့ကြွား၌ တစ်ဦးတည်းသောမင်းသမီးသည် နံ့သာတို့ကို ကြိတ်သွေးပါ။ ကျန်မင်းသမီးတို့သည် သွေးပြီးနံ့သာတို့ကို တချို့က ရွှေလှေထဲသို့ ထည့်ကြကုန်။ တချို့က ကြာညိုစည်းများကိုကိုင်လျက် ထိုနံ့သာတို့ကို မွှေနှောက်ကာ အနံ့ကို သင်းပျံ့စေကုန်လတ္တံ့။ ပြည်သူ ပြည်သားတို့သည် မင်းကြီးကဲ့သို့ မင်းသမီး၊ ထီးဖြူဆင်တို့ မရှိကြသဖြင့် ရှုံးနိမ့်လိမ့်မည်။ မင်းကြီးယခုစီစဉ်သည့်အတိုင်း လုပ်ဆောင်ပါဟု မိဖုရားကြီးက ပြောဆိုလေသည်။

မင်းကြီးကလည်း မိဖုရားကြီး ပြောဆိုစီမံသည့်အတိုင်း “အသဒိသဒါန” အလှူကြီးကို စီမံဆောင်ရွက်လေသည်။ ထိုအခါ၌ ယဉ်ပါးသော ဆင်ငါးရာကို အပြည့်မရဘဲ တစ်စင်းလိုနေသည်။ ကျန်သောဆင်များမှာ ဆင်ကြမ်းဆင်ပျက်တို့ဖြစ်ကြပါသည်။ ထိုသို့အဖြစ်ကိုလည်း အဆင်မပြေဖြစ်နေသည်ကို မိဖုရားကြီးက ထပ်မံအကြံပြုလေသည်။ ဆင်ကြမ်းတစ်ကောင်ကို အင်္ဂလိမာလမထေရ်နားတွင် ထားပါ။ ယင်းဆင်ကြမ်းသည် အင်္ဂလိမာလမထေရ်နားတွင်ရပ်လျက် အမြီးကို ပေါင်ကြားတွင် ညှပ်၍ နားရွက်နှစ်ဖက်ချပြီး မျက်လုံးနှစ်လုံး ပိတ်လျက် မလှုပ်မယှက်ဘဲ ရပ်နေလေသည်။ ဤသို့မင်းကြီးသည် ကြိုးမြတ်သော “အသဒိသဒါန” အလှူကြီး ပေးနိုင်လေသည်။ ဘုရားအမှူးဖြစ်သော ရဟန်းသံဃာတို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ဆက်လက်လှူဒါန်းသွားကြလေသည်။

ဆွမ်းကပ်ပြီးနောက် မင်းကြီးသည် မြတ်စွာဘုရား “ဤမဏ္ဍပ်၌ထားရှိသော ဥစ္စာဘဏ္ဍာအားလုံးကိုလည်း အရှင်ဘုရားအား ဆက်ကပ်လှူဒါန်းပါ၏” ဟူ၍ လျှောက်ထားလေသည်။ ယင်းအချိန်၌ မင်းကြီးတွင် လှူဒါန်းလျက်ရှိသော “ကာဠ” နှင့် “ဇုဏှ” အမတ် နှစ်ဦးရှိသည်။ ကာဠအမတ်သည် စိတ်ထဲမှ “သြော် မင်းကြီးသည် ဥစ္စာပစ္စည်းတို့ကို တစ်ရက်တည်းဖြင့် ဖြုန်းတီးသည်။ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာကို ကုန်သွားလေပြီ” ဟု ညည်းတွားလေသည်။ ဇုဏှအမတ်ကမူကား “သြော် မင်းကြီးသည် အတုမရှိသောအလှူကြီးကို အောင်မြင်စွာ လှူပေးပြီးလေပြီ။ မင်းမဟုတ်သူများသည် ဤအလှူမျိုးကို ပေးမလှူနိုင်ချေ။ ငါတို့ မင်းကြီးလှူသော အသဒိသအလှူကြီးကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာ ခေါ်ပါအံ့” ဟု စိတ်တွင်ကြံ၍ သုံးကြိမ်တိုင် သာဓုခေါ်လေသည်။

ဘုရားရှင်သည် အလှူပြီးမြောက်သောအခါ အနုမောဒနာ တရားတော်ကို မဟောကြားချင်။ လှူကြသည့် ပရိသတ်များ စင်ကြယ်မှု ရှိ/မရှိ ဆင်ခြင်သော် ကာဠအမတ်၏ စိတ်ဖြစ်ပုံကို ဘုရားရှင် သိတော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် ဤသာဓုအနုမောဒနာအပြီး ဟောကြားလျှင် ကာဠအမတ်ဦးခေါင်းခုနစ်စိတ်ကွဲမည်ကိုသိ၍ သနားသဖြင့် အလှူကိုထိုက်တန်သော သာဓုအနုမောဒနာကို မဟောဘဲ တစ်ဂါထာမျှဟောပြီး ထ၍ကျောင်းသို့ ပြန်ကြွလာလေသည်။ ထိုအခါ မင်းကြီးသည် သူ၏အလှူကို မည်မျှလိုအပ်ချက်များရှိ၍ တိုက်ဆိုင်သည့် တရားမဟောသလဲဆိုပြီး သံသယဝင်ကာ ဘုရားရှင်ကျောင်းတော်သို့လိုက်၍ မေးမြန်းလျှောက်ထားလေသည်။ ဘုရားရှင်က မင်းကြီးကို “ဒကာတော်မင်းကြီး ယခုမင်းကြီးလှူသော အလှူသည် အသဒိသအလှူမျိုးသည် ဘုရားရှင်တစ်ဆူနှင့် တစ်ဆူမှာ တစ်ကြိမ်သာ လှူရသော အလှူမျိုးဖြစ်သည်။ ဒကာတော်မင်းအလှူသည် အပြစ်မရှိကောင်းမြတ်ပါ၏။ သို့သော် သင့်၌ “အမတ်နှစ်ဦး ကာဠနှင့် ဇုဏှတို့ရှိသည်တွင် ကာဠအမတ်၏ ကြံစည်ပုံနှင့် ဇုဏှအမတ်တို့ကြံပုံ အလုံးစုံကိုပြော၍ ဤအကြောင်းကြောင့် တစ်ဂါထာမျှသာ ဟောကြားခြင်းဖြစ်ကြောင်း ရှင်းပြတော်မူသည်။

လူမိုက်တို့သည် နှမြောတွန့်တိုတတ်ပါသည်။ သူများလှူသည်ကိုလည်း အားမပေး၊ မချီးမြှောက်ပါ။ ၎င်းတို့သေသောအခါ ဒုဂ္ဂတိဘုံသို့ ရောက်စေပါသည်။ ပညာရှိသူတော်ကောင်းတို့သည် သူများလှူသည်ကိုလည်း အားပေးဝမ်းမြောက်ဝမ်းသာရှိသည်။ ယင်းသို့သော ကုသိုလ်ကံတို့ကြောင့် ၎င်းတို့သည် သေလွန်သောအခါ၌ နတ်ပြည်သို့ရောက်ပါသည်” ဟု မင်းကြီးအား ဂါထာဖြင့် ဟောကြားလေသည်။ အမတ်ဇုဏှသည် ဘုရားရှင်၏တရားကို ကြားနာရ၍ သောတာပန်ဖြစ်သွားလေသည်။ မင်းကြီးကလည်း ယင်းအမတ်အားမြောက်စားချီးကျူးလေသည်။

ဝိသာခါသည် ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်ခြင်း

ဝိသာခါသည် သူ၏ယောကျ္ခမများ သောတာပန်ဖြစ်သောအခါ သူသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို လွတ်လပ်စွာအလိုရှိတိုင်း ပြုလုပ်ဆောင်ရွက်လေသည်။ သူသည် ဘုရားရှင်ထံမှလည်း ဆုရှစ်ပါး ရရှိသည်။ ၎င်းဆုရှစ်ပါးကား-

(၁) သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူခွင့်ရရှိခြင်း။
(၂) အာဂန္တုကရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း။
(၃) ခရီးသွားရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း။
(၄) မကျန်းမာ လူနာရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း။
(၅) လူနာကိုပြုစုသော ရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း။

“လူမိုက်တို့သည် နှမြောတွန့်တိုတတ်ပါသည်။ သူများလှူသည်ကိုလည်း အားမပေး၊ မချီးမြှောက်ပါ၊ ၎င်းတို့သေသောအခါ ဒုဂ္ဂတိဘုံသို့ ရောက်စေပါသည်။ ပညာရှိသူတော်ကောင်းတို့သည် သူများလှူသည်ကိုလည်း အားပေးဝမ်းမြောက်ဝမ်းသာရှိသည်။ ယင်းသို့သော ကုသိုလ်ကံတို့ကြောင့် ၎င်းတို့သည် သေလွန်သောအခါ၌ နတ်ပြည်သို့ရောက်ပါသည်ဟု မင်းကြီးအား ဂါထာဖြင့် ဟောကြားလေသည်။ အမတ်ဇုဏှသည် ဘုရားရှင်၏တရားကိုကြားနာရ၍ သောတာပန်ဖြစ်သွားလေသည်”

ထိုအခါ ကာဠအမတ်အား ဘုရားရှင်ပြောသည့်အတိုင်းမေးသော် ဟုတ်မှန်ကြောင်းဝန်ခံသည်။ ဇုဏှအမတ်ကလည်း သူကြံသည့်အကြံကိုလည်း ဝန်ခံလျှောက်တင်ကြလေသည်။ ထိုအခါ မင်းကြီးသည် ကာဠအမတ်အား “သင်သည် အလှူတွင် သင့်ပစ္စည်း တစ်ပြားတစ်ချပ်မှလည်း မပါ။ ဤသို့ ငြူစူသည်။ ငါပေးသော ဥစ္စာများကိုယူ၍ ငှါတိုင်းပြည်မှ ထွက်သွားရန် နှင်ထုတ်လေသည်။ ဇုဏှ၏ ပြုမူအကျင့်ကို မင်းကြီးနှစ်သက်၍ သင်သည် ငါလှူသည့်အတိုင်း သင်သည် ငှါအခွေအရံများယူ၍ လှူအံ့”ဟု အမိန့်ပေးပြီး သူ၏မင်းစည်းစိမ်ကို ခုနစ်ရက်တိုင်တိုင် ခေတ္တလွှဲအပ်လေသည်။

ထိုအခါ မင်းကြီးသည် “မြတ်စွာဘုရား လူမိုက်တို့သည် မိမိလည်း မလှူ၊ သူများအလှူများလည်း ဝမ်းမြောက်ဝမ်းသာမှုမပြု ကဲ့ရဲ့ရှုတ်ချတတ်ပါသည်။ ပညာရှိသူတော်ကောင်းတို့သည် မည်သည့် မည်သူ အလှူကိုပဲဖြစ်စေ ချီးမြှောက်အားပေး၍ ဝမ်းမြောက်တတ်ပါသည်။ ချီးကျူးတတ်ပါသည်”ဟု ဘုရားရှင်အား လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် ထိုအခါ၌ “မင်းကြီး (၆) လူနာရဟန်းတို့အား ဆေးလှူခွင့်ရခြင်း။
(၇) သံဃာအား အမြဲယာဂုလှူခွင့်ရခြင်း။
(၈) ရဟန်းမများအား ရေသနုပ်လှူခွင့်ရခြင်းတို့ ဖြစ်ကြပါသည်။

ဝိသာခါသူဌေးမကြီးသည် အချိန်ကြာမြင့်သော် အိမ်ထောင်သည်ဘဝတွင် သားသမီးများနှင့် စည်ပင်သာယာတိုးပွားလာလေသည်။ ၎င်း၌ သားဆယ်ယောက်နှင့် သမီးဆယ်ယောက် ထွန်းကားသည်။ တစ်ဖန် ထိုသားသမီးဆယ်ယောက်တို့မှ တစ်ဦးလျှင် သားဆယ့်ခြောက်ယောက်၊ သမီးဆယ်ယောက် ရရှိပြန်လေသည်။ ဤသို့အားဖြင့် ဝိသာခါသူဌေးမကြီးသည် သား၊ သမီး၊ မြေး၊ မြစ် ရှစ်ထောင်ရှိလေသည်။ ၎င်းသည် အသက် ၁၂၀ ရှည်သည်။ ဆံဖြူခြင်း၊ သွားကျိုးခြင်းမရှိပါ။ အရွယ်ကလည်း အမြဲနုပျိုနေသည်။ တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိနေသည်။ ဝိသာခါသူဌေးမကြီးသည် ဘုရားကျောင်းသို့ ယင်းသား၊ သမီး၊ မြေး၊ မြစ်များ ခြံရံလျက်သွားသည့်အခါ သူ၏နုပျိုမှုမှာ ဘယ်ဟာဖြင့် ဝိသာခါခွဲ၍ မရပါ။ ယင်းမျှ ကုသိုလ်ထူးခြားလှပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မော်လမြိုင်မြို့၌ စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ



မော်လမြိုင် ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် မွန်လုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပသည့် ပထမအကြိမ် စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်တက္ကသိုလ် ကျောင်းသူများက မွန်တိုင်းရင်းသား ရိုးရာအကအလှများဖြင့်လည်းကောင်း၊ မွန်တိုင်းရင်းသားတေးသံရှင်များက မွန်တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် မွန်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပိုမိုအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဒေသအသီးသီးတွင်ရှိနေသည့် မွန်လုပ်ငန်းရှင်များ စုစည်းမှုအင်အားဖြင့် ဒေသအတွင်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဒေသထွက်ကုန်များကို နိုင်ငံတကာသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ စျေးကွက်ချိတ်ဆက်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ပြည်နယ်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်ရန်နှင့် ဒေသထွက်ကုန်စည်များကို ပြည်နယ်တွင်းသာမက နိုင်ငံတကာသို့ပါ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး မွန်လုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက စီးပွားရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ၌ ပြခန်းများခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်းတို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပမည့် ပုဗ္ဗသီရိမြို့နယ်ရှိ တပေါင်းကွင်းသို့ ရောက်ရှိပြီး MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရန် ပြခန်းများ တည်ဆောက် နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာ ဆိုင်ခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီမှ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ အချိန်ဇယားများ ရေးဆွဲ၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် MSME ထုတ်ကုန်ပြပွဲကို နှစ်ကြိမ် ကျင်းပပြီးသည့် အတွေ့အကြုံများ ရှိပြီးဖြစ်၍ လိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်များကို ပိုမို ကောင်းမွန်အောင်နှင့် အားနည်းချက်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME လုပ်ငန်းများ အောင်မြင်စေရန်နှင့် ထုတ်ကုန်ပစ္စည်းများ စျေးကွက်ရရှိစေရန်၊ ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများ ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်ရန်၊ MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် တို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပြပွဲများနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရန် ပြခန်းများ တည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပုသိမ်မြို့နယ်ရှိ မဟာစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော ရွှေဟောင်းသမိုင်းဝင် မုဋ္ဌောကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် မဟာစေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဘုရားကြီးကုန်းကျောင်းတိုက် ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ **မိုး/၈လ**

ညောင်ရွှေမြို့၌ ရေဘေးသင့်နေအိမ်များအား အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများ ပေးအပ်



ညောင်ရွှေ ဒီဇင်ဘာ ၂၈

ရာဂီမုန်တိုင်း အရှိန်ကြောင့် ညောင်ရွှေမြို့နယ်အတွင်း ရေဘေးသင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ရေဘေးသင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက်ပြည်နယ်စီးပွားရေးရာဝန်ကြီးက တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၉၉၀၉ လုံးအတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၄၉၅၄ ဒသမ ၅ သိန်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက နန်းပန်မြို့ရှိ ထိခိုက်ပျက်စီးသွားသည့် နေအိမ်များအတွက် ငွေကျပ် ၃၀၁ သိန်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က နန်းသဲကျေးရွာအုပ်စုရှိ ထိခိုက်ပျက်စီးသွားသည့် နေအိမ်များအတွက် ငွေကျပ် ၄၀၂ သိန်းနှင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက ကန်သာရပ်ကွက်ရှိ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ငွေကျပ်သိန်း ၈၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

လူငယ်များအတွက် ပညာနှင့် ကိုယ်ကျင့်တရား

ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံတိုင်းရဲ့အင်အားဆိုတာ လူစွမ်းအားအရင်းအမြစ်တွေ ဖြစ်ပါတယ်။ လူစွမ်းအားအရင်းအမြစ်တွေရဲ့ အများစုဟာ လူငယ်တွေဖြစ်ပါတယ်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ဟာ လူငယ်တွေဖြစ်တာကြောင့် လူငယ်တွေဟာ နိုင်ငံရဲ့ခွန်အားတွေ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ လူငယ်တွေရဲ့ကဏ္ဍာတွေကို အလေးအနက်ထားပြီး လူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းတွေကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။

လူငယ်တွေရဲ့အရေးကို နိုင်ငံတော်က အလေးအနက်ထားသလို လူငယ်တွေကို မှန်ကန်တဲ့လမ်းပေါ်မှာ လျှောက်လှမ်းနိုင်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်ဖို့ မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်တွေရဲ့ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါ့အပြင် လူငယ်တွေကိုယ်တိုင်ကလည်း ဘက်စုံထူးချွန်ထက်မြက်တဲ့သူတွေဖြစ်အောင် မိမိကိုယ်မိမိ လေ့ကျင့်ကြရမှာ ဖြစ်ပါတယ်။

လူငယ်ဆိုတာ ရိုးသားဖြောင့်မတ်တယ်။ ခွန်အားရှိတယ်။ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးကို သယ်ပိုးလိုစိတ်ရှိတယ်။ အလုပ်တိုင်းကို အားထည့်ပြီး စိတ်အားထက်ထက်သန်သန်နဲ့ လုပ်ကိုင်တတ်တယ်။ အမှန်တရားကို မြတ်နိုးတယ်။ မဟုတ်မခံစိတ်ရှိတယ်။ စွန့်စားလိုစိတ်ရှိတယ်။ စမ်းသပ်လိုစိတ်ရှိတယ်။ အဲဒီအခြေခံစိတ်ဓာတ်ကောင်းတွေရှိသလို ဘဝအတွေ့အကြုံနုနယ်တယ်။ အမှန်နဲ့အများကို ဝေဖန်ပိုင်းခြားနိုင်မှုမှာ အားနည်းတယ်။ ပတ်ဝန်းကျင်ကို ခင်တွယ်တတ်ပြီး အလွယ်တကူယုံကြည်အားကိုးလိုစိတ်ရှိတယ်။ မှန်တယ်ထင်ရင် မဆင်မခြင်နဲ့ တစ်ဖွဲတ်ထိုးလုပ်ကိုင်တတ်တယ်။ မိမိမှာရှိထားပြီးသား အသိလောက်နဲ့ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတတ်တယ်။ တစ်ဖက်သားအပေါ် အထင်သေးလွယ်တယ်။ ဆင်ခြင်တုံတရား နည်းပါးတယ်။ ခေတ်လွန်အယူအဆတွေနဲ့ မဆင်မခြင်လုပ်တတ်ကြတယ်ဆိုတဲ့ အားနည်းချက်တွေလည်း ရှိတတ်ပါတယ်။

တည့်မတ်ထိန်းကျောင်းပေးကြဖို့

လူငယ်တွေမှာ ကောင်းမွန်တဲ့အရည်အချင်းတွေရှိသလို အားနည်းချက်တွေလည်းရှိတာကြောင့် မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်က လူငယ်တွေရဲ့အားသာချက် အားနည်းချက်တွေကို နားလည်သဘောပေါက်ပြီး လမ်းလွဲနေရင် လမ်းမှန်ပေါ်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးကြဖို့လိုပါတယ်။ လူငယ်တွေအနေနဲ့လည်း မှန်မှန်ကန်ကန်နေထိုင်တတ်ဖို့လိုပါတယ်။

တချို့လူငယ်တွေက မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်ကောင်းနဲ့ဆုံတွေ့ပြီး မှန်ကန်တဲ့ဘဝမှာ ရပ်တည်ရင်း အောင်မြင်မှုတွေကို ပိုင်ဆိုင်သွားကြတယ်။ သွန်သင်ဆုံးမမှု မမှန်ကန်တဲ့ မိဘတွေ၊ ဆရာတွေနဲ့ မကောင်းတဲ့ပတ်ဝန်းကျင်နဲ့ကြုံတွေ့ရတဲ့ လူငယ်တွေကတော့ အချိန်တွေကုန်၊ ပညာမဲ့ပြီး သူတို့ဘဝတွေပါ ပျက်စီးသွားကြပါတယ်။ အမှားကို မှားမှန်းသိလို့ အချိန်မီပြင်ဆင်နိုင်တဲ့ လူငယ်တွေရှိသလို မှားမှန်းသိပါလျက်နဲ့ ရှေ့ကိုဇွတ်တိုးရင်း မလှပတဲ့ဘဝမှာ နိဂုံးချုပ်သွားကြတာတွေလည်း ရှိကြပါတယ်။

နိုင်ငံတော်ရဲ့အနာဂတ်မှာ လူငယ်တွေကဏ္ဍာဟာအရေးပါတယ်။ ဒါကြောင့် နိုင်ငံတော်ကလည်း လူငယ်တွေကို ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးနေတယ်။ ဗလဆိုတာ ခွန်အားဖြစ်ပါတယ်။ ဗလငါးတန်ကို မြန်မာအဘိဓာန်မှာ ကာယအား၊ ဉာဏ်အား၊ ကိုယ်ကျင့်အား၊ ပစ္စည်းအား၊ မိတ်ဆွေအားလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဗလငါးတန်ဆိုတာ (၁)ကာယဗလ ဆိုတဲ့ ကိုယ်ဖြင့် ပြုလုပ်မှုခွန်အား (ကာယအား)၊ (၂) ဉာဏ်ဗလဆိုတဲ့ ဉာဏ်ပညာကို အသုံးပြုသည့်ခွန်အား (ဉာဏ်အား)၊ (၃) စာရိတ္တဗလဆိုတဲ့ ကိုယ်ကျင့်တရား၊ အကျင့်ခွန်အား (ကိုယ်ကျင့်အား)၊ (၄) ဘောဂဗလ ဆိုတဲ့ ဥစ္စာပစ္စည်း ခွန်အား(ပစ္စည်းအား)၊ (၅) မိတ္တဗလဆိုတဲ့ ခင်မင်သူခွန်အား (မိတ်ဆွေအား) တွေ ဖြစ်ပါတယ်။ ဗလငါးတန်ပြည့်ဝဖို့ မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်တွေက တည့်မတ်ထိန်းကျောင်းမှု၊ ပံ့ပိုးမှုတွေနဲ့ ရယူနိုင်သလို လူငယ်တွေကိုယ်တိုင်ကလည်း ကျင့်ကြံအားထုတ်ကြရမှာဖြစ်ပါတယ်။

မိဘတိုင်းက သားသမီးတွေကို မွေးကင်းစအရွယ်ကနေ အရွယ်ရောက်တဲ့အထိ ကျွေးမွေးပြုစုသွန်သင်ဆုံးမ နည်းလမ်းပြပေးကြတယ်။ သားသမီးတွေကို ကျန်းမာသန်စွမ်းအောင်၊ လိမ္မာယဉ်ကျေးအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ ပညာတတ်တွေဖြစ်အောင်၊ ကြီးပွားချမ်းသာအောင် တည့်မတ်ထိန်းကျောင်းပေးကြပါတယ်။

ဆရာကောင်းတပည့် ပန်းကောင်းပန်

လူတိုင်းမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေလည်းရှိကြပါတယ်။ ကျောင်းပညာတွေသာမကဘဲ အသိပညာ၊ အတတ်ပညာနဲ့ အတွေ့အကြုံကောင်းတွေကို ဆရာကောင်းတွေဆီက သင်ယူခွင့်ရကြတဲ့ တပည့်တွေဟာ ထူးချွန်ထက်မြက်သူတွေဖြစ်လာကြပါတယ်။ ဆရာကောင်းတပည့်ပန်းကောင်းပန်နိုင်ကြပါတယ်။ ဆရာကောင်းဆိုတာ တပည့်တွေကို မိမိတို့ထက်တော်စေချင်၊ တစ်စေချင်တဲ့ စေတနာပိုင်ရှင်တွေ ဖြစ်ပါတယ်။ တပည့်တွေ ထူးချွန်ကြ၊ ထက်မြက်ကြ၊ ကြီးပွားတိုးတက်သွားရင် ပီတိတွေခံစားရင်း ကျေနပ်နေကြသူတွေ ဖြစ်ပါတယ်။

လူငယ်တွေဟာ ဗလငါးတန်ပြည့်စုံဖို့အတွက် ကျင့်ကြံအားထုတ်ကြရမှာဖြစ်သလို၊ ဘဝတိုးတက်ဖို့ အားထုတ်လုပ်ကိုင်သင့်တဲ့ အခြေခံအကြောင်းတွေ အများကြီး ရှိပါသေးတယ်။ အဲဒါတွေအထဲက အချို့ကို ရွေးချယ်တင်ပြလိုပါတယ်။

ပထမအချက်ကတော့ ပညာကို နှံ့စပ်ကျွမ်းကျင်အောင် သင်ယူလေ့လာကြရပါမယ်။ ပညာဆိုတာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်လို့ အဓိပ္ပာယ်ရပါတယ်။ သင်ဆရာတွေဆီမှာ ကျောင်းစာတွေသာမကဘဲ ကြားဆရာ၊ မြင်ဆရာတွေဆီကပါ ပညာတွေသင်ယူနိုင်ပါတယ်။ စာပေဖတ်ရှုလေ့လာခြင်းတွေက ပညာတွေရရှိနိုင်သလို လုပ်ငန်းခွင်အတွင်းမှာလည်း လုပ်ရင်းကိုင်ရင်းနဲ့ ပညာတွေကို ရှာဖွေရရှိနိုင်ပါတယ်။ စာရေးသူတို့ ငယ်စဉ်က ရုံးလုပ်ငန်းတွေလုပ်ကိုင်ဖို့ လက်နှိပ်စက်ရိုက်တဲ့ ပညာကိုတတ်မြောက်အောင်၊ ကျွမ်းကျင်အောင် သင်ယူလေ့ကျင့်ရင်း အလုပ်လုပ်ခဲ့ရပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်ကာလမှာ ကွန်ပျူတာတွေ အစားထိုးအသုံးပြုလာတော့ ကွန်ပျူတာပညာတတ်မြောက်ဖို့ မဖြစ်မနေလိုအပ်လာပါတယ်။ ဒီတော့ အသက်အရွယ်ကိုမကြည့်တော့ဘဲ ကွန်ပျူတာပညာရပ်ကို လေ့လာသင်ယူခဲ့ကြရပါတယ်။ ဘယ်ပညာမဆို တတ်မြောက်ထားရင် အကျိုးရှိတာမို့ လုပ်ငန်းခွင်မှာ အခက်အခဲမရှိအောင် သင်ယူလေ့လာသင့်တာတွေကို လေ့လာသင်ယူကြရပါမယ်။

ပညာဆိုတာ မိဘ၊ ဆရာတွေဆီကသာမက မိတ်ဆွေအပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေးတွေ၊ လုပ်ငန်းခွင်တွေကနေ ရှာဖွေရရှိနိုင်ပါတယ်။ နေ့စဉ်ပြုလုပ်နေကြတဲ့ အလုပ်တွေထဲကလည်း သင်ယူစရာပညာတွေနဲ့ အတွေ့အကြုံတွေ ရရှိနိုင်ပါတယ်။ ပညာတတ်ရင် ကိုယ်ပိုင်အသိဉာဏ်နဲ့ အကောင်းနဲ့အဆိုး၊ အမှန်နဲ့အမှားကို ခွဲခြားအသုံးချနိုင်ပါတယ်။ ပြဿနာတစ်ခုခု ဖြစ်လာရင် ဖြစ်ရတဲ့အကြောင်းရင်းနဲ့ ဖြေရှင်းရမယ့်နည်းလမ်းတွေကို ကိုယ်ပိုင်အသိဉာဏ်ပညာနဲ့ ဖြေရှင်းနိုင်ပါတယ်။ ပညာတတ်မှသာ ပြဿနာရဲ့အဖြေမှန်ကို ရှာဖွေနိုင်ပါတယ်။

ပညာကို အသိပညာနဲ့ အတတ်ပညာဆိုပြီး ခွဲခြားနိုင်ပါတယ်။ အသိပညာဆိုတာ ကြားရမြင်ရ၊ စာဖတ်တာတွေက ရနိုင်ပါတယ်။ အသိပညာဟာ ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုဖြစ်ပြီး အသိကို အခြေခံတဲ့ ဉာဏ်ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တွေးခေါ်မြော်မြင်တတ်တဲ့၊ ဆင်ခြင်တတ်တဲ့ဉာဏ်ဖြစ်ပါတယ်။

အတတ်ပညာဆိုတာကတော့ နှုတ်မှုစွမ်းရည်၊ လက်မှုစွမ်းရည်ဖြစ်ပါတယ်။ ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်တွေကို အသိပညာ၊ အတတ်ပညာတွေအခြေခံပြီး လုပ်ကိုင်နေကြတယ်ဆိုတာ သတိမူရပါမယ်။ အဲဒီလို လုပ်ကိုင်ရင်း အတွေ့အကြုံတွေ ထပ်ပြီးတွေ့လာမယ်။ အဲဒီအတွေ့အကြုံတွေကို ပေါင်းစပ်ပြီး နောက်ထပ်အလုပ်တွေကို လုပ်ကိုင်ကြရပါမယ်။

တချို့က အသိပညာမှာ ထူးချွန်ကြသလို တချို့က အတတ်ပညာတွေမှာ ထူးချွန်တတ်ကြပါတယ်။ လူတိုင်းဟာ အခြေခံအဆင့်ကနေစပြီး သင်ယူကြရပါတယ်။ ဥပမာအားဖြင့် မူလတန်းပညာကို စပြီး သင်ယူတော့ ဝ-ဝလုံးလေး ဝိုင်းဝိုင်းရေးဆိုပြီး ဝလုံးလေးတွေ ဝိုင်းနေအောင်ရေးတတ်ဖို့စပြီး သင်ခဲ့ကြပါတယ်။ မြန်မာအက္ခရာ ဗျည်း ၃၃ လုံးမှ ၂၄ လုံးမြောက် ဝလုံးအက္ခရာကို ဘာဖြစ်လို့အရင်ဆုံး သင်ခဲ့ကြတာလဲဆိုတာ သတိမူမိကြမှာ မဟုတ်ပါဘူး။ မြန်မာအက္ခရာစာလုံးတိုင်းဟာ အဝိုင်းသဏ္ဌာန်တွေချည်းဖြစ်တာမို့ ဝိုင်းအောင်ရေးနိုင်ဖို့ ဝလုံးကို အရင်ဆုံးသင်ခဲ့ရတယ်ဆိုတာ နောက်မှသဘောပေါက်မိပါတယ်။ အဲဒီလိုအခြေခံကစပြီး သင်ယူခဲ့ကြတာချင်း အတူတူပေမယ့် လက်ရေးလှတဲ့သူ၊ မလှတဲ့သူဆိုပြီး ကွဲပြားသွားကြတာ စဉ်းစားမိပါတယ်။

ဒီလိုပါပဲ တစ်ယောက်နဲ့တစ်ယောက် လုပ်ပုံကိုင်ပုံ၊ လုပ်နည်းလုပ်ဟန်တွေ ကွဲပြားခြားနားသွားကြတာကြောင့် အလုပ်တွေမှာ အရည်အသွေး၊ အမျိုးအစား၊ အရည်အချင်းတွေလည်းကွဲပြားခြားနားသွားကြပါတယ်။ တစ်ဦးချင်းစီမှာ တော်တယ်၊ ညံ့တယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာတွေဟာ ပညာသင်ယူ လေ့လာမှုတွေအပေါ် အခြေခံသွားတယ်ဆိုတာ ထင်ရှားပါတယ်။

ပညာတတ်သူတွေက အမှန်နဲ့အမှားကို ခွဲခြားသိမြင်နိုင်တယ်။ လုပ်သင့်တဲ့အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ်တွေကို ပိုင်းခြားလုပ်ကိုင်နိုင်တယ်။ ဒါကြောင့် အမှားနည်းပြီး ကောင်းကျိုးချမ်းသာတွေကို ခံစားကြရပါတယ်။ ပညာမဲ့သူတွေကတော့ အမှန်ကို မမြင်နိုင်ဘူး။ အမှန်ကို မမြင်နိုင်တော့ မှန်ကန်တဲ့အလုပ်တွေကိုလည်း မရွေးချယ်နိုင်ကြဘူး။ ကိုယ်ပိုင်စဉ်းစားဆင်ခြင်နိုင်တဲ့ ပညာကနည်းတော့ ကိုယ်ပိုင်စွမ်းအားထက် သူတစ်ပါးနောက်လိုက်ဘဝနဲ့ ရပ်တည်ကြရပါတယ်။ ဒါကြောင့် တစ်ဦးချင်းစီမှာပဲဖြစ်ဖြစ်၊ မိသားစုမှာပဲဖြစ်ဖြစ်၊ ရပ်ရွာ၊ အဖွဲ့အစည်း၊ လုပ်ငန်းခွင်တွေမှာပဲဖြစ်ဖြစ် ပညာတတ်တွေ အများကြီးရှိဖို့လိုအပ်နေတာ အမှန်ပဲဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ကိုယ်ကျင့်တရားကို အလေးထား ထိန်းသိမ်းစောင့်ရှောက်သူတွေ၊ ကိုယ်ကျင့်တရားကောင်းသူတွေဖြစ်ဖို့လိုပါတယ်။ ရုပ်ဆင်းအင်္ဂါလှပတာ၊ ပညာတတ်တာ၊ ဥစ္စာဓနကြွယ်ဝတာ၊ ရာထူးဂုဏ်ရှိနိုင်ကြီးတာတွေဘယ်လောက်ပင်ပြည့်စုံပါစေ ကိုယ်ကျင့်တရားမကောင်းရင် အဆန်မပြည့်တဲ့ စပါးနှံလိုဖြစ်နေတတ်ပါတယ်။ ကိုယ်ကျင့်တရားမကောင်းသူ၊ သီလပျက်ယွင်းသူတွေဟာ ရေရှည်မှာ လူ့စည်းဝိုင်းပြင်ပကို ရောက်ရှိသွားတတ်တာကို သတိမူကြရပါမယ်။

ကိုယ်ကျင့်တရားကောင်းသူတွေဟာ ရိုးသားမှုကို တန်ဖိုးထားကြပါတယ်။ မရိုးသားမှုတွေကို မနှစ်သက်ကြတာကြောင့် ရုပ်ဝတ္ထုတွေ၊ ဓနဥစ္စာတွေ မပြည့်စုံဘဲ ဆင်းရဲချင် ဆင်းရဲနေပေမယ့် အသက်ရှင်ရပ်တည်နေသမျှကာလပတ်လုံး စိတ်ချမ်းသာမှုကို ခံစားနေကြရပါတယ်။ တစ်သက်တာလုံး စိတ်ချမ်းသာအောင်နေနိုင်ဖို့က ကိုယ်ကျင့်တရားကို ထိန်းသိမ်းနေထိုင်ဖို့လိုပါတယ်။

ကိုယ်ကျင့်တရားဆိုတာ လူတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတစ်ခုဖြစ်ပါတယ်။ ရိုးသားတယ်၊ ကိုယ်ကျင့်တရားကောင်းတယ်ဆိုတဲ့ နာမည်ကောင်းတစ်လုံးဟာ မိမိတစ်သက်တာသာမက သားစဉ်မြေးဆက်အထိပါ သက်ရောက်မှုရှိပါတယ်။ ကိုယ်ကျင့်တရားဟာ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရတာဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ကိုယ်၊ နှုတ်၊ နှလုံးစောင့်စည်းမှု၊ အကျင့်သိက္ခာဖြစ်ပါတယ်။

ကိုယ်ကျင့်တရားကောင်းသူကိုသာ ရွေးချယ်

လူ့အဆင့်အတန်းကို ယေဘုယျအားဖြင့် ရာထူး၊ စည်းစိမ်၊ နေရာဌာနန္တရ၊ ပညာတတ်မြောက်မှု စတဲ့အချက်တွေအပေါ် ခွဲခြားကြပါတယ်။ ကိုယ်ကျင့်တရားကိုတော့ ကာယကံရှင်ရဲ့ကျင့်ကြံအားထုတ်မှုနဲ့သာ သတ်မှတ်နိုင်ပါတယ်။ သူတော်ကောင်းဆိုတာ ပညာလည်းတတ်၊ အကျင့်သီလလည်း ကောင်းသူလို့ ဆိုပါတယ်။ တော်တယ်ဆိုတာက ပညာတတ်တာ၊ အရည်အချင်းရှိတာဖြစ်ပြီး ကောင်းတယ်ဆိုတာက စိတ်ထားကောင်းတာ၊ ကိုယ်ကျင့်တရားကောင်းတာဖြစ်ပါတယ်။ တချို့က ပညာတတ်ဆိုပေမယ့် ကိုယ်ကျင့်တရားကမကောင်း၊ တချို့က ပညာမတတ်ပေမယ့် ကိုယ်ကျင့်တရားကောင်းကြတယ်။ အဲဒီ နှစ်မျိုးထဲကတစ်မျိုးကို ရွေးပါဆိုရင်တော့ ကိုယ်ကျင့်တရားကောင်းသူကိုသာ ရွေးချယ်သင့်ကြပါတယ်။ တတ်နိုင်တဲ့ဘက်က ကိုယ်ကျင့်တရားကောင်းသူတွေကို ပြုစုပျိုးထောင်ပေးကြရမှာဖြစ်ပါတယ်။

ဒါကြောင့် မိဘ၊ ဆရာနဲ့ ပတ်ဝန်းကျင်တွေက နိုင်ငံတော်ရဲ့စွမ်းအားဖြစ်တဲ့ လူငယ်တွေကို ပညာတတ်တွေဖြစ်လာအောင်၊ ကိုယ်ကျင့်တရားကောင်းသူတွေဖြစ်လာအောင် ပိုင်းဝန်းပြုစုပျိုးထောင်ပေးဖို့လိုပါတယ်။ လူငယ်တွေအနေနဲ့လည်း မိမိတို့ဘဝတိုးတက်အောင်မြင်မှုတွေပိုင်ဆိုင်ဖို့ အခြေခံကျတဲ့ ပညာတွေကို ကျွမ်းကျင်နှံ့စပ်အောင်သင်ယူကြဖို့နဲ့ ကိုယ်ကျင့်တရားကောင်းအောင် ပြုမူနေထိုင်ရမယ်ဆိုတဲ့အချက်တွေကို ကျင့်ကြံအားထုတ်ကြဖို့ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

“လူ့အဆင့်အတန်းကို ယေဘုယျအားဖြင့် ရာထူး၊ စည်းစိမ်၊ နေရာဌာနန္တရ၊ ပညာတတ်မြောက်မှု စတဲ့အချက်တွေအပေါ် ခွဲခြားကြပါတယ်။ ကိုယ်ကျင့်တရားကိုတော့ ကာယကံရှင်ရဲ့ကျင့်ကြံအားထုတ်မှုနဲ့သာ သတ်မှတ်နိုင်ပါတယ်။ သူတော်ကောင်းဆိုတာ ပညာလည်းတတ်၊ အကျင့်သီလလည်း ကောင်းသူလို့ ဆိုပါတယ်။ တော်တယ်ဆိုတာက ပညာတတ်တာ၊ အရည်အချင်းရှိတာဖြစ်ပြီး ကောင်းတယ်ဆိုတာက စိတ်ထားကောင်းတာ၊ ကိုယ်ကျင့်တရားကောင်းတာ ဖြစ်ပါတယ်။ တချို့က ပညာတတ်ဆိုပေမယ့် ကိုယ်ကျင့်တရားကမကောင်း၊ တချို့က ပညာမတတ်ပေမယ့် ကိုယ်ကျင့်တရားကောင်းကြတယ်။ အဲဒီနှစ်မျိုးထဲကတစ်မျိုးကို ရွေးပါဆိုရင်တော့ ကိုယ်ကျင့်တရားကောင်းသူကိုသာ ရွေးချယ်သင့်ကြပါတယ်။ တတ်နိုင်တဲ့ဘက်က ကိုယ်ကျင့်တရားကောင်းသူတွေကို ပြုစုပျိုးထောင်ပေးကြရမှာဖြစ်”

ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဒီဇင်ဘာ ၂၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အထက(ခွဲ) နမ့်ကွတ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဘီလူးချောင်းနှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် မြို့အဝင်မုခ်ဦးနှင့် မြို့အဝင်/ အထွက် စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘီလူးချောင်းရေ မြင့်တက်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အထက(ခွဲ)နမ့်ကွတ်အား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဘီလူးချောင်းနှင့် ကမ်းနားလမ်းတစ်လျှောက် တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ စည်ပင်သာယာအဖွဲ့ပိုင် ဥတ္တရာရုံနှင့် ဒေါ်ဥမ္မရေစက်ရုံများမှ မြို့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေပေးဝေခြင်း လုပ်ငန်း ပြတ်တောက်မှုမရှိစေရေး၊ စဉ်ဆက်မပြတ် ရေပေးဝေနိုင်ရေးနှင့် ကောက်ခံရမည့် ရေခွန်များကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း အပြည့်အဝ ကောက်ခံရရှိရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် လွိုင်ကော်မြို့အဝင်မုခ်ဦး၌ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများ ဝင်/ထွက်သွားလာနေမှုနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ ဝင်/ထွက်သွားလာမှုအား ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် လွယ်ကူစွာ ဝင်/ထွက်သွားလာနိုင်ရေး၊ ကုန်စည်



စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ဥပဒေနှင့်မလွတ်ကင်းသည့် ကုန်စည်များ ဝင်/ထွက်သယ်ဆောင်မှုမရှိစေရေး စနစ်တကျ ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ စာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

သာပေါင်း ဒီဇင်ဘာ ၂၈ သာပေါင်းမြို့နယ်၌ စာကြည့် နှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော် ရောဝတီ တိုင်းဒေသကြီး တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(သာပေါင်း)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ရောဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းခယ်၊ တိုင်းပညာရေးမှူး ဦးခင်မောင်ထွေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ အဖွဲ့ဝင် (၁)ဗိုလ်မှူးသန်းနိုင်တို့က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနားမုခ်ဦးတွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကပြ ဖျော်ဖြေရေးအဖွဲ့များအား ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့်ဓလေ့ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ စာပေအစွမ်းဖြင့် စိတ်ကောင်းနှလုံးကောင်းများ တည်ရှိလာမည်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် စာပေချစ်တတ်သည့် စိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများတွင် ယခုလိုတက်တက်ကြွကြွ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။ထို့နောက် ဌာနဆိုင်ရာပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ကလေးများ ရုပ်ပုံဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ စာစီစာကုံး(အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်)ပြိုင်ပွဲ၊ ပညာရေးဌာနသင်ထောက်ကူပြခန်း၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝဲခူး	မကွေး	ထားဝယ်	ပုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၀	၃၀၈၀	၄၅၀၅	၃၃၇၅	၃၀၉၅	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၅၅	၃၄၁၀	၃၉၀၀
95 Ron	၃၁၂၀	၃၂၃၀	၃၂၀၀	၃၁၃၅	၃၂၄၀	၃၂၅၅	၃၂၇၀	၃၁၉၀	၄၅၆၀	၃၄၈၅	၃၂၀၅	၃၂၃၀	၃၂၈၀	၃၂၄၅	၃၂၆၅	၃၅၂၀	၄၀၅၀
HSD (500 ppm)	၂၆၃၅	၂၇၅၀	၂၇၁၅	၂၆၅၀	၂၇၅၅	၂၇၇၀	၂၇၉၀	၂၇၀၅	-	၃၀၀၀	၂၇၂၅	၂၇၂၅	၂၇၉၅	၂၇၆၀	၂၇၈၀	၃၀၄၀	၃၉၀၀
HSD (50 ppm)	၂၂၆၀	၂၃၇၅	၂၃၄၀	၂၂၇၅	၂၃၈၀	၂၃၉၅	၂၄၁၅	၂၃၃၀	၄၈၃၀	၃၆၂၅	၂၃၅၀	၂၃၅၀	၂၄၂၀	၂၃၈၅	၂၄၀၅	၃၆၆၅	-
HSD (10 ppm)	၂၂၆၀	၂၃၇၅	၂၃၄၀	၂၂၇၅	၂၃၈၀	၂၃၉၅	၂၄၁၅	၂၃၃၀	-	၃၆၂၅	၂၃၅၀	၂၃၅၀	၂၄၂၀	၂၃၈၅	၂၄၀၅	၃၆၆၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၉	၂၉၂၉
95 Ron	၂၉၄၆	၃၀၃၈
HSD (500 ppm)	၂၄၇၀	၂၅၅၇
HSD (50 ppm)	၃၀၈၃	၃၁၇၄
HSD (10 ppm)	၃၀၈၃	၃၁၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၇၄)၊ ကွင်းအမည်-ကျွန်းတောမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၅/၆)၊ ဧရိယာ(၀.၁၄)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၀၉)၊ ပြည်လမ်း၊ ပေတရာ(တောင်ပိုင်း)၊ရေမိုးစုံ(၁)ထပ်တိုက်နှင့်ဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့်၀ယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးမင်း(ကွယ်လွန်) [၉/မရမ(နိုင်)၀၇၉၄၄၈] ၎င်း၏ဖနီးဖြစ်သူ ဒေါ်စန်းစန်း၀င်း[၁၄/၀၁၈(နိုင်)၁၃၃၀၇၄]ကိုင်ဆောင်သူထံမှ အပြီးအပိုင်၀ယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စနစ်ဥွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစောကော်ဦ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၁၃)

အမှတ်-၂၁၄၊ က/၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဖုန်း-၀၉-၂၅၂၀၆၇၅၄၀၊ ၀၉-၇၅၇၆၉၂၂၅၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ်- ၁၀၁၊ အကျယ်အဝန်း (၆၀ပေx၆၀ပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်- ၁၀၁၊ အောင်မာဃလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၌ရှိ အကျယ်အဝန်း (၁၃ပေx ၅၀ပေ)၊ မြေညီထပ်၊ လက်ဝဲဘက်(ခြေရင်းခန်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရောင်းသူ ဦးနေလင်းကျော် (၁၂/ဗဟန(နိုင်) ၀၉၃၄၇၇၂၄၃ (၂၃-၅-၂၀၂၄)ရက်စွဲပါ ဆက်စပ်စာချုပ်အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၁၀၃၃၁၉၂

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၇၈) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်- ၂/နွယ်အေး၊ မြေကွက်အမှတ် (၈/၃၇)၊ (၁၂၅၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၈)ဧက၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးအေးထွန်း(ခ)မာမတ်ရှား [၁၁/စတန(နိုင်) ၀၅၄၀၆၆]**မှ အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမာမက်ရာဖီး [၁၂/ပဘတ (နိုင်) ၀၁၇၁၁၀]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းသူအောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)
အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ (၁) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅



မြန်မာတစ်ပြည်လုံးဖြန့်ချိရေး
2024-2025 Academic Year
Saya U Nying Myint (English)
ဦးညီကျော်စောပေ
GRADE - 12 ENGLISH
READING COMPREHENSION 100
READING COMPREHENSION သီးသန့်လေ့ကျင့်လိုသူများအတွက်
အမှတ်(၃၇၇)၊ လမ်း - ၃၀ (အထက်) (ဗိုလ်ချုပ်လမ်းထိပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထွက်ပြီ
☎ ၀၉ ၅၀၈၉၈၃၂၊ ၀၉ ၄၂၃ ၇၁၈ ၆၀၀၊ ၀၉ ၄၄၃၂၄၅၅၂၅၇၊ ၀၉ ၇၈၇ ၃၅၄ ၈၀၅

ဒဂုံမြို့သစ်အရှေ့ပိုင်း နှင့် ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

၀၉ ၄၃၀၉၁၅၂၂၇

ပျောက်ဆုံးကြောင်း

ဦးဇွဲဝင်းမြင့် (ဘ) ဦးဝင်းရှိန် [၁၂/ဗတထ(နိုင်) ၀၂၂၂၅၃] ကိုင်ဆောင်သူ၏ မြန်မာနိုင်ငံကုန်သွယ်မှုဘဏ်စာအုပ်မူရင်း (ငွေစာရင်းအမှတ်-01117840000077869)မှာ ပျောက်ဆုံးသွားကြောင်းနှင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Ph: 09-695549955

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းရပ်ရိုင်၊ မော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်-၅၆၇/ Aက၊ကင်ပလင်း၊ဦးပိုင်အမှတ်/ မြေကွက်အမှတ်(၃၀/က)မြေ(၃.၇၉)ဧကနှင့် (၃၁/က)၊မြေ(၀.၉၈)ဧကစုစုပေါင်းမြေ(၄.၇၇)ဧကရှိ လယ်ယာမြေနှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးနိုင် (၁၀/ပမန(နိုင်)၀၈၆၈၃၅၅)မှတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါကနှိုင်ငံလုံးသော၁ရွာကိစ္စတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်သတ်မှတ်ရက် အတွင်းကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မြတ်သင်းယဉ်	ဒေါ်စုဖြိုးဝေ
LL.B, DL-101 WIPO(Switzerland)	LL.B
အထက်တန်းရှေ့နေ(စဉ်-၂၇၃၅)	အထက်တန်းရှေ့နေ(စဉ်-၄၂၇၈၃)

အမှတ်(၁၄၃/စီ)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။ ဖုန်း 09-403121136, 09-5054804

"အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

